ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ သောကြာနေ့၊ (28-10-2011) (၆၉၂၆)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။



**ကြိုဆို နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးအား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# (၈)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဦးဆက်အောင်နှင့် အဆင့်မြင့်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

**သတင်း အညွှန်း**

**CCTV International ရုပ်သံလိုင်းများ စတင်ခြင်းအခမ်းအနားကျင်းပ**

❝ DVB-T နှင့် DTH ရုပ်သံလိုင်းများ၌ CCTV International ရုပ်သံလိုင်းအစီအစဉ်များ စတင်ထည့်သွင်းပြသမည် ❞

ပြည်တွင်းသတင်း စာမျက်နှာ ➾ ၃

**လက်မှုပစ္စည်းကုန်စည်ပြပွဲနှင့် လက်မှုအသုံးအဆောင်ပစ္စည်းပြိုင်ပွဲ ကျင်းပမည်**

❝ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ပြပွဲ၊ ပြိုင်ပွဲကို မြန်မာလုပ်ငန်းရှင်များ ပြသယှဉ်ပြိုင်နိုင် ❞

ပြည်တွင်းသတင်း စာမျက်နှာ ➾ ၆

၂၈-၁၀-၂၀၁၁
(သောကြာနေ့)

# ရေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိ

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဆိုးရွားမှုဖြစ်စဉ်များကြောင့် မြို့ရွာဒေသအများအပြား၌ ရေကြီးနစ်မြုပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခြင်း၊ စက်ရုံအချို့ ကုန်ထုတ်လုပ်မှု ရပ်ဆိုင်းခြင်းများအထိ ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့၌လည်း ရေကြီးနစ်မြုပ်မှုများကြောင့် ပြည်သူအများ အသက်အိုးအိမ်ဆုံးရှုံးမှုများ တွေ့ကြုံနေကြရသည်။

အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်နေ့တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ပင် ရေကြီးမှုဖြစ်စဉ်များ ကြုံတွေ့ကြရသည်။ အဆိုပါသည်းထန်မိုးကြောင့် ယောချောင်း၊ ကျောချောင်း၊ ယမားချောင်း၊ မြိုင်ချောင်းနှင့် ရွှေချောင်းတို့မှ တောင်ကျရေများ များပြားစွာ ကျဆင်းလာခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်တို့၌ လူတစ်ရာကျော် သေဆုံးခဲ့ရသည်။ လူနေအိမ်ခြေနှစ်ထောင်ကျော်၊ ဘုန်းတော်ကြီးကျောင်းငါးကျောင်း၊ သီးနှံစိုက်ခင်းဧက ၃၀၀၀ ကျော်နှင့် တိရစ္ဆာန်မျိုးစုံ ကောင်ရေ ၂၄၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ ရက်တွင် ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့သို့ သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စုများကို အားပေးပြီး ကယ်ဆယ်ရေး ပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ သက်ဆိုင်ရာမြို့နယ်အလိုက် ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အဝတ်အထည်၊ စားသောက်ကုန်၊ အိမ်ထောင်စုသုံးပစ္စည်းမျိုးစုံ၊ ရေသန့်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ အရေးပေါ် ကူညီကယ်ဆယ်ရေးများ လုပ်ဆောင်လျက်ရှိသကဲ့သို့ နိုင်ငံတော်သမ္မတဦးဆောင်သည့် အဖွဲ့ဝင်များက စားဝတ်နေရေး လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အားပေးကူညီထောက်ပံ့လျက်ရှိသည်။ လတ်တလော စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် ကလေးသူငယ်များ ပညာသင်ကြားရေး တို့အတွက် စီမံဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ နေရေးကိစ္စအတွက် ယာယီအိမ်များ ဆောက်လုပ်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ပျက်စီးသွားသည့် စိုက်ပျိုးသီးနှံများအစား အမြန်ဆုံး ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး၊ ရေဘေးသင့်ပြည်သူများ၏ နေထိုင်လုပ်ကိုင်မှုဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အဆောတလျင် လုပ်ဆောင်ကြရပေဦးမည်။ နိုင်ငံတော်နှင့်အတူ ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များက ငွေကြေးအား၊ ပစ္စည်းအား၊ လူအင်အားတို့ဖြင့် အင်ပြည့်အားပြည့် ပါဝင်ကူညီလှူဒါန်းလျက်ရှိနေကြပြီ။

သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေး ကျရောက်နိုင်သည်ဖြစ်ရာ မည်သို့ပင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ကြရသည်ဖြစ်စေ နိုင်ငံတော်၏ ထိရောက်သော စောင့်ရှောက်အားပေးကူညီမှု၊ စေတနာရှင်ပြည်သူအများ၏ ငွေကြေးပစ္စည်း လှူဒါန်းမှုတို့ဖြင့် အတိုင်းအတာတစ်ခုအထိ စီမံဆောင်ရွက်ပေးလျက် ရှိပေပြီ။ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် ကာယကံရှင်ပြည်သူများအားလုံးကလည်း မလျှော့သော ဇွဲ လုံ့လ ဝီရိယဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြန်မာ့သစ်တောသီတင်းပတ်အခမ်းအနားတွင် ဆွေးနွေးပြောကြားစဉ်။
(သတင်းစဉ်)

# သစ်တောများထိန်းသိမ်းခြင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် အစာရေစာရှားပါးမှုတို့ကို ဖြေရှင်းပေးနိုင် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ပါးရေးလုပ်ငန်းများအောင်မြင်စေရန် ပူးပေါင်းပါဝင်

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၀၆ ခုနှစ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့သစ်တောများ ထိန်းသိမ်းကာကွယ်ရေး၊ စီမံအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၌ လူသားများ၏အခန်းကဏ္ဍမှာ အဓိကကျသဖြင့် လူထုလူတန်းစားပေါင်းစုံ ပူးပေါင်းပါဝင်လာအောင် စည်းရုံးလှုံ့ဆော်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်" အဖြစ် သတ်မှတ်ခဲ့ပြီး ဂုဏ်ပြုအခမ်းအနားများကို ကမ္ဘာတစ်ဝန်းကျင်းပရန် တိုက်တွန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာ့သစ်တော သီတင်းပတ်အထိမ်းအမှတ်အဖြစ် "သစ်တောကဏ္ဍဖွံ့ဖြိုးမှု သာယာလှပလူ့ဘောင်ဘဝ" (Forests for People) ခေါင်းစဉ်ဖြင့် နိုင်ငံတစ်ဝန်း၌ အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မြန်မာ့သစ်တောသီတင်းပတ်အခမ်းအနားတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်၍ နိုင်ငံတော်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီကို ၂၀၁၁ ခုနှစ် ဧပြီ ၂၀ ရက်တွင် ပြန်လည်ဖွဲ့စည်းပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်အောင်ဆောင်ရွက်လျက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပိုမိုတိုးမြှင့် ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် လိုအပ်သော ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၊ အကြံဉာဏ်ရယူဖြည့်စွက်ပြီး ဥပဒေကြောင်းအရ ခိုင်လုံမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များနှင့် ညီညွတ်မှုတို့ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၂၆/၂၀၁၁)ဖြင့် ဥပဒေမူကြမ်းကို သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ သစ်တောဥပဒေနှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေများကိုလည်း ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း။

သစ်တောထိန်းသိမ်းကာကွယ်ခြင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် အစာရေစာ ရှားပါးမှုတို့ကို ဖြေရှင်းပေးနိုင်၍ ပတ်ဝန်းကျင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရရှိစေနိုင်မှာဖြစ်ပြီး နိုင်ငံတော်အဆင့်က ကြီးမှူးဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ပါးရေး လုပ်ငန်းများ အောင်မြင်စေရန် အလွှာအသီးသီး၊ လူထုလူတန်းစားအသီးသီးက တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် မြန်မာ့သစ်တောသီတင်းပတ်အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာအောင်ဆွေက အမှာစကားပြောကြားပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ မြန်မာ့သစ်တောသီတင်းပတ် အထိမ်းအမှတ်အဖြစ် "သစ်တောကဏ္ဍဖွံ့ဖြိုးမှု သာယာလှပ လူ့ဘောင်ဘဝ" ခေါင်းစဉ်ဖြင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အဖြစ် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ် မှတ်တမ်းတင် ဗီဒီယိုပြသကာ စာတမ်းကိုးစောင် ဖတ်ကြားကြသည်။ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ရလဒ်များတင်ပြခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၀-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၀၅ ၃။ မျိုးချစ်တပ်မတော်
၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၇။ လျှပ်တစ်ပြက်
၄း၄၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၉။ အိုင်စီတီသုတ
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် (အပိုင်း-၂)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ "ရွှာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၂၀) အိမ်ကြီးမာယာ(အပိုင်း-၂) (အိုင်းလောင်၊ ရွှေအိုး၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ)
၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၆၄)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၄)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

## ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးကို ၁၃၇၃ ခုနှစ် နတ်တော်လဆန်း ၂၊ ၃ ရက် (၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၇၊ ၂၈ရက်) (တနင်္ဂနွေ၊ တနင်္လာ)နေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် (၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၃ ရက်) (ဗုဒ္ဓဟူးနေ့) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွတော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။
(သတင်းစဉ်)

## (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၇၃ခုနှစ် ပြာသိုလဆန်း ၁၄ ရက် (စနေနေ့)မှ ၁၃၇၃ခုနှစ် တပို့တွဲ လပြည့်ကျော် ၁ ရက် (ဗုဒ္ဓဟူးနေ့)အထိ (၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ) ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့်သံဃာတော်အရှင်သူမြတ်များသည် ၁၃၇၃ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၂ ရက် (၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်) နောက်ဆုံးထား၍ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှစ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲသို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆိုဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၃ခုနှစ် နတ်တော်လဆန်း ၅ ရက် (၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်) နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်ကြောင်း၊ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၅၈၂၉ | ၀. ၀၃၂၇၀ |
| တရုတ် (ယွမ်) | ၆. ၃၆၂၈၆ | ၀. ၁၅၇၁၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၃၀၀၀ | ၀. ၀၂၀၂၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၉၄၀၀ | ၀. ၃၂၃၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၈၂၄ | ၀. ၈၀၁၁၃ |
| ဂျပန် (ယန်း) | ၇၅. ၆၉၀၁ | ၀. ၀၁၃၂၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၀. ၄၉ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၁၀၂၂ | ၁. ၄၀၈၀၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၃၄၅ | ၁. ၆၀၃၉၇ |

*အင်တာနက်။*





## ရှင်းလင်းဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန်လိုအပ်မည့်ဥပဒေများနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန်လိုအပ်မည့် ဥပဒေများနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၇

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည့် တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန်လိုအပ်မည့် ဥပဒေများနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။**

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေပညာရှင် ဆရာမကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲ၌ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာမြင့်သူမြိုင်က တော်လှန်ရေးကောင်စီလက်ထက် ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်မည့် ဥပဒေများနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြရာ ပါမောက္ခ ဒေါက်တာမြင့်သူမြိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒဂုံတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာကြူကြူဆွေက ၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်မည့်ဥပဒေများနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြရာ ပါမောက္ခ ဒေါက်တာကြူကြူဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသီတာဦးက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများအနက် ပြင်ဆင်ရန်၊ ရုပ်သိမ်းရန်နှင့် အသစ်ပြဋ္ဌာန်းရန်လိုအပ်မည့် ဥပဒေများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြရာ ပါမောက္ခ (ဌာနမှူး) ဒေါက်တာသီတာဦးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဒုတိယနေ့ ရှင်းလင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# CCTV International ရုပ်သံလိုင်းများ စတင်ခြင်းအခမ်းအနား ကျင်းပ တရုတ်-မြန်မာ နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း CCTV International ရုပ်သံလိုင်းများ စတင်ခြင်းအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)





ရန်ကုန် အောက်တိုဘာ ၂၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCTV ရုပ်မြင်သံကြားနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ MRTV-4 နှင့် SKY NETတို့ ပူးပေါင်းပြီး CCTV International ရုပ်သံလိုင်းများ စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့်ရုပ်မြင်သံကြား အထွေထွေဗျူရိုမှ ဒုတိယဝန်ကြီး မစ္စတာထျင်ကျင့်က CCTV International ရုပ်သံလိုင်းများ မြန်မာနိုင်ငံ၌ စတင်ထုတ်လွှင့်ခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ဆွေမျိုးပေါက်ဖော်ဆက်ဆံမှုထက်မက မဟာဗျူဟာဆက်ဆံရေးအခြေအနေသို့ တက်လှမ်းအကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ နှစ်နိုင်ငံ၏ ပြန်ကြားရေးလုပ်ငန်းကိစ္စရပ်များ အောင်အောင်မြင်မြင် ထုတ်လွှင့်ခွင့်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုမ္ပဏီအဖွဲ့အစည်းများ၊ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အမှာစကားပြောကြားရာတွင် ဤအခမ်းအနားမှ စတင်၍ တရုတ်-မြန်မာ နှစ်နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနများနှင့် ရုပ်မြင်သံကြားဌာနများ ပြန်ကြားရေးကဏ္ဍတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှုများလည်း ပိုမိုတိုးပွားလာစေမည်ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပုဂ္ဂလိကကဏ္ဍ မီဒီယာကုမ္ပဏီဖြစ်သည့် Forever Group Co., Ltd. တို့ ပူးပေါင်းကာ MRTV-4 ရုပ်သံလိုင်းကို DVB-T စနစ်ဖြင့် ထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ DVB-T စနစ်သည် တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် မီဒီယာကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်သည် Direct to Home (DTH) စနစ်ကို အသုံးပြုပြီး SKY NET DTH Service ရုပ်သံလိုင်းများကို ယခုနှစ်တွင် စတင်ထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ DTH စနစ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံထုတ်လွှင့်နိုင်ပြီးဖြစ်ကြောင်း၊ မြန်မာ့ရုပ်သံပရိသတ်များ ကြည့်ရှုခံစားနိုင်စေရန်အတွက် DVB-T နှင့် DTH ရုပ်သံလိုင်းများ၌ CCTV ရုပ်သံဌာနကြီးက ထုတ်လွှင့်နေသည့် CCTV-4, CCTV-News၊ CCTV -9 Documentary သတင်းနှင့်မှတ်တမ်းတင် အစီအစဉ်များကို ယနေ့စတင်ထည့်သွင်းပြသသွားမည်ဖြစ်ပြီး ထိုသို့ အောင်မြင်စွာ ထုတ်လွှင့်ပြသနိုင်ခြင်း အောင်မြင်မှုမှတ်တိုင်များကို တစ်နိုင်ငံလုံးရှိ မြန်မာပရိသတ်များအနေဖြင့် အမြဲအမှတ်တရဖြစ်နေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် CCTV International ၏ CCTV-4, CCTV-News၊ CCTV -9 Documentary ရုပ်သံလိုင်းများ စတင်ခြင်းအခမ်းအနားကို ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဧည့်သည်တော် ဒုတိယဝန်ကြီး မစ္စတာ ထျင်ကျင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying၊ MRTV-4 (Forever Group) မှ CEO ဦးဝင်းမော်နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်(SKY NET) ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် MRTV-4 (Forever Group) မှ CEO ဦးဝင်းမော်နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် (SKY NET) ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ကျေးဇူးတင်စကားပြောကြားကြကာ တရုတ်-မြန်မာ ရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။ (သတင်းစဉ်)

## အများပြည်သူသိရှိနိုင်ရန် အသိပေးနှိုးဆော်ချက်

၆၆ ကေဗွီ သထုံ-ဘားအံ-မော်လမြိုင် ဓာတ်အားလိုင်းရှိ ၃၀၀/၅ အမ်ပီယာစီတီအား ၆၀၀- ၁၂၀၀/၅ အမ်ပီယာစီတီဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်၍ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ခေတ္တဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ | နေ့ရက် | အချိန် |
|---|---|---|---|
| ၁။ | ၆၆ ကေဗွီ ဘားအံခွဲရုံနှင့် မော်လမြိုင်ခွဲရုံများမှ ဓာတ်အားပေးထားသောနေရာဒေသများ | (၂၉-၁၀-၂၀၁၁) | (၀၈း၀၀)နာရီမှ (၁၆း၀၀)နာရီထိ |

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၀-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅ ၈။ "အမျိုးနှင့် မျိုး"
၈း၃၀ ၉။ အတီးပြိုင်ပွဲ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၂၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄း၄၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၄း၅၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၁၅ ၉။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၅း၃၀ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယပိုင်း) (အပိုင်း-၁)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လျှပ်တစ်ပြက်ဟာသများ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၁၃)**
၂၀။ သီချင်းချစ်သူ (သဇင်)
၂၁။ အစီအစဉ်ပြီး၏။

## (၂၇၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၇၇၁ ဆု ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

(၂၇၄)ကြိမ်မြောက် ငွေကျပ် ၂၀၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ်(၃၈၄)ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၄ ဆု၊ ငွေကျပ် ၁၀ သိန်း ၃၂၂ ဆု၊ ငွေကျပ် ငါးသိန်း နှစ်ဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ ဆု၊ ငွေကျပ် နှစ်သိန်း ၁၃၂၀ ဆု၊ ငွေကျပ် တစ်သိန်း ၁၂၉၆၁ ဆု အပါအဝင် ဆုမဲပေါင်း ၁၄၇၇၁ ဆုဖြစ်သည်။ (သတင်းစဉ်)

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# ပုဂ္ဂလိက တက္ကသိုလ်ပညာရေး ဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲပေးရေး အဆိုတင်သွင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၇

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၂)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့အစည်းအဝေး၌ မေးခွန်း(၇)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ်(၁)ခု တင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း(၁)ခု စိစစ်မှုကို ယာယီဆိုင်းငံ့ကြောင်း ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**မေးခွန်းများဖြေကြားခြင်းကဏ္ဍ**တွင် ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် လွတ်လပ်ရေးနေ့ပွဲတော်၊ ပြည်ထောင်စုနေ့ပွဲတော်၊ ရိုးရာလှေသဘင်ပွဲတော် စသည့်ပွဲတော်များကို နိုင်ငံတော်က ကြီးမှူးပြီး စည်စည်ကားကား ကျင်းပပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မေးခွန်းတွင် ဖော်ပြထားသော ပွဲတော်သုံးခုအနက် နှစ်ခုသည် နိုင်ငံတော်၏ သမိုင်းနှင့် ပတ်သက်သည့် နေ့ထူးနေ့မြတ်များ ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ယင်းအထိမ်းအမှတ်ရက်များကို ကျင်းပရာမှ အစိုးရအဆက်ဆက်က ၎င်းတို့အချိန်အခါနှင့် အခြေအနေ၏လိုအပ်ချက်များအပေါ် မူတည်ပြီး ပုံစံမျိုးစုံဖြင့် ကျင်းပခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခမ်းအနားကျင်းပမှုပုံစံများ ကွဲပြားခြားနားသော်လည်း အခမ်းအနားများ ကျင်းပရသည့်ရည်ရွယ်ချက်များမှာ အတူတူပင်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားများကို ကျင်းပသည့်အခါတွင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို နောင်လာနောက်သားများ သတိရစေပြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းလိုစိတ်များ ရှင်သန်စေရန် အတွက်လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလများအတွင်း အသက်သွေးချွေး စွန့်လွှတ်ပေးဆပ်ခဲ့သူများ၏ ကျေးဇူးကို အောက်မေ့သတိရစေရန်အတွက်လည်း ကောင်း၊ ကိုလိုနီနယ်ချဲ့စနစ်နှင့် ခေတ်သစ်ကိုလိုနီဝါဒ၏ အန္တရာယ်များကို မမေ့မလျော့သောသတိဖြင့် ကာကွယ်တားဆီးနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ကျင်းပ ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့ကျင်းပသည့်အခါတွင်လည်း နှစ်ပေါင်းထောင်ချီတည်ရှိခဲ့သော တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူယှဉ်တွဲနေထိုင်ခဲ့သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်မှုအောက်မှရုန်းထွက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကာ လွတ်လပ်ရေးရယူနိုင်ခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားစေရန်အတွက်လည်းကောင်း ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ထိုရည်ရွယ်ချက်များအပြင် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရေးဟူသည့် ရည်မှန်းချက်များပါ ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခမ်းအနားများကို ကျင်းပသည့်အခါတွင်လည်း ပျော်ပွဲရွှင်ပွဲသဘောထက် နေ့ထူးနေ့မြတ်ကြီးများ ဖြစ်ပေါ်လာရပုံအနှစ်သာရကို ပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသိရှိရန်၊ ခံယူကျင့်သုံးနိုင်ရန်အတွက် အနှစ်သာရရှိရှိ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယင်းသို့ကျင်းပသည့်အခါ ပြည်ထောင်စုအစိုးရက ဦးစီးကျင်းပသကဲ့သို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်း ကျင်းပသွားမည်ဖြစ်ပါကြောင်း။

**မြန်မာ့ရိုးရာလှေသဘင်ပွဲတော်နှင့် ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ကျင်းပခဲ့ဖူးသော်လည်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှစ၍ ဒေသအလိုက် ရိုးရာ လှေပြိုင်ပွဲများ ကျင်းပလေ့ရှိသောဒေသများတွင်မူ အစဉ်အလာမပျက် ဆက်လက်ကျင်းပ လျက်ရှိပါကြောင်း၊ အင်းလေးတွင်လည်း ယင်းပြိုင်ပွဲများကို ပုံမှန်ကျင်းပနေပါကြောင်း၊ ထို့ကြောင့် လှေပြိုင်ပွဲကဲ့သို့ ရိုးရာပွဲတော်များကို နိုင်ငံတော်ကဦးစီးပြီး တစ်နေရာတည်း တွင် စုစည်းကျင်းပခြင်းမျိုးမလုပ်ဘဲ သက်ဆိုင်ရာဒေသများ၌သာ ၎င်းတို့၏ရိုးရာ အစဉ်အလာများနှင့်အညီ ကျင်းပနိုင်အောင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း**ဖြင့် ပြန်လည် ဖြေကြားသည်။



ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၆)ခုကို မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည် ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **အရည်အချင်းရှိသူ၊ ထက်မြက်သော စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများအား အလှည့်ကျစနစ်ဖြင့် ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်း၊ **ယခုလက်ရှိ ကျောင်းအုပ်ကြီးများအား ရာထူးတိုးပေးရာတွင် လုပ်သက်အနုအရင့်အလိုက် အမှတ်စနစ်ဖြင့် တွက်ချက်၍ ပေးသည်ဟု သိရှိရသည့်အတွက် အမိန့်ညွှန်ကြားချက်များကို နာခံတတ်သော၊ စေတနာအရင်းခံဖြင့် ထူးချွန်ထက်မြက်သော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များအားလည်း အရည်အချင်းဖြင့် ရာထူးတိုးခန့်ထားပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့် **အထက်တန်းကျောင်းအုပ်ကြီးများအား ခန့်အပ်ရာတွင် အခြားဌာနများကဲ့သို့ ပြန်တမ်းဝင်ခန့်အပ်သည့်နေ့မှစ၍ ပြန်တမ်းဝင်လစာ ချက်ချင်းမရဘဲ အတည်ပြုသည့်နေ့မှသာ ပြန်တမ်းဝင်လစာ စတင်ရရှိကြောင်းသိရသဖြင့် မှန်ကန်မှု ရှိ /မရှိနှင့် မှန်ကန်ပါက နောင်တွင် ရာထူးခန့်ထားသည့်နေ့မှစ၍ ပြန်တမ်းဝင်လစာ ပေးနိုင်ခြင်း ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနတွင် စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများကို အလှည့်ကျစနစ်ဖြင့် ခန့်အပ်ပေးသောအစီအစဉ် မရှိပါကြောင်း၊ စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများသည် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ထိတွေ့နေရသော သဘောသဘာဝရှိပါကြောင်း၊ ဝန်ထမ်းအချို့အား စည်းကမ်းဖောက်ဖျက်မှုကြောင့် အခြားနေရာများသို့ ပြောင်းရွှေ့ရမှုများလည်းရှိပါကြောင်း၊ ပြစ်မှုကြောင့်ပြောင်းရွှေ့ရသော ဝန်ထမ်းအား မျက်ခြည်မပြတ်လေ့လာပြီး တိုးတက်ဆောင်ရွက်မှုမပြုလုပ်နိုင်ပါက ထပ်မံအပြစ်ပေးခြင်းမျိုးကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သဘောသဘာဝသည်လည်း မိသားစုရှိရာမြို့သို့ ပြောင်းရွှေ့နေထိုင်သည့်အလေ့အထ ရှိပါကြောင်း၊ **ပညာရေးဝန်ကြီးဌာန၌ ဝန်ထမ်းများ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်း များကိုလည်း ကာယကံရှင်၏ဆန္ဒအရ တောင်းခံသည့်နေရာတွင် လစ်လပ်မှုအပေါ် မူတည်၍သာ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စီမံခန့်ခွဲသူ၊ အုပ်ချုပ်သူများအပါအဝင် ဝန်ထမ်းများအား ကာယကံရှင်၏ဆန္ဒသဘောထားမပါဘဲ အလှည့်ကျစနစ်ဖြင့် ခန့်ထားရန် အစီအစဉ်မရှိပါကြောင်း။**

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန၌ ယခုလက်ရှိ ကျောင်းအုပ်ကြီးများအား ရာထူးတိုးမြှင့်ရာတွင် လုပ်သက်ရမှတ်တွက်ချက်၍ ရာထူးတိုးပေးခြင်းသည် မျှတမှုရှိစေရန်အတွက် စီစဉ်ဆောင်ရွက်နေခြင်းသာဖြစ်ပါ ကြောင်း၊ အမိန့်ညွှန်ကြားချက်များကို နာခံတတ်သော၊ စေတနာအရင်းခံဖြင့် ထူးချွန်ထက်မြက်သော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များကိုလည်း အရည် အချင်းဖြင့် ရာထူးတိုးခန့်ထားရန် ကိစ္စနှင့်ပတ်သက်၍ ဝန်ထမ်းတစ်ဦးအပေါ်တွင် အချိန်တိုအတွင်း ဆုံးဖြတ်ရန် ခက်ခဲသောကိစ္စဖြစ်ပါကြောင်း၊ သို့ရာတွင် **ပညာရေးနှင့် ပတ်သက်သောခံယူချက်၊ ကျောင်းတွင်းအုပ်ချုပ်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်း ရှိသော ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်ပေးနိုင်မှု၊ အောင်ချက်မြင့်မားမှုနှင့် ပညာရပ်တတ်မြောက်မှု စသည့်အချက်များနှင့်တိုင်းတာ၍ အမှန်တကယ်ထူးခြားစွာ ဆောင်ရွက်နိုင်သူများကိုလည်း ရာထူးတိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းအုပ်ကြီးများ ရာထူးတိုးဆောင်ရွက်ရာတွင် လုပ်သက်နုရင့်တန်းစီဇယား သာမက အရည်အချင်းရှိသူများကိုပါ စိစစ်၍ ရာထူးတိုးကိစ္စများ ဆောင်ရွက်လျက် ရှိပါကြောင်း။**



ပြန်လည်ဖြေကြား

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။

(သတင်းစဉ်)

**တတိယမေးခွန်းနှင့်စပ်လျဉ်း၍** အထက်တန်းကျောင်းအုပ်များ စတင်ခန့်ထားရာ၌ အထက်တန်းကျောင်းအုပ်ရာထူးသည် အရာရှိဝင်ပေါက်ရာထူးတစ်ခုဖြစ်သည့်အတွက် စတင်ခန့်ထားတာဝန်ပေးရာတွင် အစမ်းခန့်အဖြစ် ခန့်ထားရပါကြောင်း၊ **ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက အတည်ပြုခန့်ထားပြီးမှသာလျှင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ဆက်လက်ပေးပို့ အတည်ပြုချက်ရယူရပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူအတည်ပြုချက်ရရှိပြီးပါက ပြန်တမ်းဝင် လစာရရှိမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ **ဘားအံတက္ကသိုလ်တွင် ဥပဒေအထူးပြုဘာသာရပ်ဌာန ထားရှိပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မော်လမြိုင်တက္ကသိုလ်၌ ကရင်ပြည်နယ်ရှိ မြို့နယ်(၇)ခုမှ ဥပဒေပညာအထူးပြုဘာသာရပ်ဖြင့် နေ့သင်တန်းတက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာ ပထမနှစ် (၂၉)ဦး၊ ဒုတိယနှစ်(၂၄)ဦး၊ တတိယနှစ် (၁၈)ဦးနှင့် စတုတ္ထနှစ်(၂၀)သာ ရှိပါကြောင်း၊ နေ့သင်တန်းသားအဖြစ် တက်ရောက်ပြီး ဥပဒေပညာသင်ယူလိုသူသည် မော်လမြိုင်တက္ကသိုလ်တွင်တက်ရသော်လည်း အဝေးသင်စနစ်ဖြင့် ဥပဒေပညာရပ်ကို သင်ယူလိုသူများအတွက် ဘားအံတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိသဖြင့် ယခုပညာသင်နှစ် ပထမနှစ်တွင် (၃၈)ဦး၊ ဒုတိယနှစ်တွင်(၂၈)ဦး၊ တတိယနှစ်တွင်(၄၂)ဦး၊ စတုတ္ထနှစ်တွင် (၃၃)ဦး စုစုပေါင်း(၁၄၁)ဦး တက်ရောက်လျက်ရှိပါကြောင်း၊ မော်လမြိုင်တက္ကသိုလ်သို့ သွားရောက်မတက်လိုသူများအနေဖြင့် ဘားအံတက္ကသိုလ်တွင်ပင် အဝေးသင်တက္ကသိုလ် ဥပဒေပညာဘာသာရပ်ကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းရှိပါကြောင်း။

အဝေးသင်စနစ်ဖြင့် မိမိနေထိုင်ရာဒေသအတွင်းပင် မိမိ၏လုပ်ငန်းခွင်မပျက်ဘဲ လေ့လာသင်ယူခွင့် ရရှိနေပြီဖြစ်ခြင်း၊ နေ့သင်တန်းတက်ရောက်လိုသူများအတွက် အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် မော်လမြိုင်တက္ကသိုလ်တွင် တက်ရောက်နိုင်ခြင်း၊ ပညာရှင် ဆရာ၊ ဆရာမများဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံး အသုံးပြုနိုင်ရန်စီစဉ်ထားခြင်း၊ နိုင်ငံတကာ တက္ကသိုလ်များနည်းတူ အချို့သော အထူးပြုဘာသာရပ်ကို တက္ကသိုလ်တိုင်းတွင်မသင်ဘဲ အချို့တွင်သာ ထိရောက်စွာသင်ကြားခြင်း၊ မော်လမြိုင်တက္ကသိုလ်တွင်တက်ခြင်းဖြင့် အတွေ့အကြုံနှင့် ဒေသန္တရဗဟုသုတရရှိခြင်း၊ မိမိတို့ရိုးရာဓလေ့ကို အပြန်အလှန်သိနားလည်စေခြင်း၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်လာစေခြင်းစသော အကျိုးကျေးဇူးများ ရရှိခြင်းကြောင့် မော်လမြိုင်တက္ကသိုလ်တွင်ပင် တက်ရောက်နိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း၊ **ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘာသာရပ်ဆိုင်ရာ ရှားပါးသော ပညာရှင်များကို ထိထိရောက်ရောက် တာဝန်ပေးသင်ကြားပို့ချစေလျက်ရှိရာ လောလောဆယ်တွင် ဥပဒေပညာရပ်ဆိုင်ရာ ကျွမ်းကျင်သော ဆရာ၊ ဆရာမများ လုံလောက်စွာ ခန့်ထားနိုင်ခြင်းမရှိသေးသောကြောင့် လက်ရှိပညာသင်နှစ်တွင် ဘားအံတက္ကသိုလ်၌ ဥပဒေပညာအထူးပြုဘာသာရပ်(နေ့သင်တန်း)ကို ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် မရှိသေးပါကြောင်း**ဖြင့် ဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး၏ **လေရှီးမြို့နယ် ဆွမ္မရာအထက(ခွဲ)နှင့် ပန်ဆောင်မြို့နယ်ခွဲ အထက တို့တွင် စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ / မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနအသစ်ဖွင့်လှစ်ရေးကိစ္စနှင့်ပတ်သက်ပြီး သတ်မှတ်ချက်များ ထားရှိပါကြောင်း၊ ဖွင့်လှစ်မည့်စာစစ်ဌာနတွင် ကျောင်းဝင်းလုံခြုံမှုအတွက် ခြံစည်းရိုးနှင့် စာဖြေခန်းလုံခြုံမှုရှိရမည်ဖြစ်ပါကြောင်း၊ မေးခွန်းနှင့် ဖြေဆိုပြီးအဖြေလွှာများ လုံခြုံစွာသိမ်းဆည်းထားနိုင်ရန် ဘဏ်၊ ငွေတိုက်၊ တပ်ရင်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည်တို့ ရှိရမည်ဖြစ်ပါကြောင်း၊ စာစစ်ဌာနအသစ်ဖွင့်လှစ်မည့်ဒေသ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့သာရှိပါက သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မီးခံတိုက်ရှိရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အာဏာပိုင်အဖွဲ့အစည်းများက စာမေးပွဲချောမောအောင်မြင်စွာ ကျင်းပနိုင်ရန် စာမေးပွဲမေးခွန်းနှင့် အဖြေလွှာများ၏ လုံခြုံရေးကို အပြည့်အဝတာဝန်ယူနိုင်သည်ကို ဝန်ခံချက်ထားရှိရ ပါကြောင်း။

စာစစ်ဌာနအသစ်ဖွင့်လှစ်လိုသော ကျောင်းအနေဖြင့် ဖော်ပြပါအချက်အလက်များကို ဓာတ်ပုံ/စာရွက်စာတမ်း အထောက်အထားများပြုစုပြီး မြို့နယ်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများမှတစ်ဆင့် သက်ဆိုင်ရာအခြေခံပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့သို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ တင်ပြချက်များ အပေါ် မှန်ကန်မှု ရှိ/မရှိကို အခြေခံပညာဦးစီးဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းစိစစ်ပြီးမှသာ စာစစ်ဌာနအသစ် ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်ရ ပါကြောင်း။

**စာစစ်ဌာနတစ်ခုခုမှ ပြဿနာပေါ်ပေါက်လျှင် တစ်နိုင်ငံလုံးရှိ စာစစ်ဌာနများ အားလုံး ထိခိုက်နိုင်သဖြင့် စာစစ်ဌာနအသစ်ပေးရန်အတွက် အသေးစိတ် စိစစ် ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်၍ လေရှီးမြို့နယ် ဆွမ္မရာအခြေခံပညာအထက်တန်း ကျောင်း(ခွဲ)နှင့် ပန်ဆောင်မြို့နယ်(ခွဲ) အခြေခံပညာအထက်တန်းကျောင်းများ အနေဖြင့် အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံမှသာ စာစစ်ဌာနဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း၏ **အခြေခံပညာရေးဝန်ထမ်းများဖြစ်သည့် ဘွဲ့ရအထွေထွေလုပ်သားများအား မူလတန်းပြများအဖြစ် ရာထူးတိုးမြှင့်ပေးနိုင်ရေး အတွက် အသက်(၂၅)နှစ်ကျော်သူများကို စည်းကမ်းချက်များလျှော့ပေါ့စဉ်းစား ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း(၄၁၂၇၂)ကျောင်း ဖွင့်လှစ်ထားပြီးဖြစ်ရာ မူလတန်းကျောင်းပေါင်း (၃၆၁၈၁)ကျောင်း ပါဝင်ပါကြောင်း၊ ဖွဲ့စည်းပုံအရ မူလတန်းကျောင်းတစ်ကျောင်းလျှင် အထွေထွေလုပ်သား (၁)ဦးစီ ခန့်ထားခွင့်ပြုထားပါကြောင်း၊ အထက်တန်း၊ အလယ်တန်းကျောင်းများရှိ သန့်ရှင်းရေး၊ ကျောင်းအကူ၊ ကျောင်းစောင့်ရာထူးများ အပါအဝင် လစာနှုန်းတူဝန်ထမ်းစုစုပေါင်း(၄၂၀၀၀)ခန့် ရှိပါကြောင်း။

ပညာရေးကောလိပ်များတွင် ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှုဒီပလိုမာသင်တန်းများသို့ နှစ်စဉ်သင်တန်းသား(၄၀၀၀)ကို ရွေးချယ်တက်ရောက်ခွင့်ပြုထားပြီး အဆိုပါအင်အားတွင် ဝန်ထမ်းများ တက်ရောက်နိုင်ရန် (၂၅)ရာခိုင်နှုန်းသတ်မှတ်ပေးထားပါကြောင်း။

ပြင်ပဘွဲ့ရများအတွက် အသက်(၂၅)နှစ် မကျော်သေးသူဖြစ်ရန်နှင့် ဘွဲ့ရဝန်ထမ်းများအတွက် အသက် (၃၀)မကျော်သေးသော အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်(၂)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဝင်ခွင့်လျှောက်ထားသူများအား အင်္ဂလိပ်စာဘာသာရပ်နှင့် အထွေထွေဗဟုသုတဘာသာရပ်တို့ကို ရေးဖြေစစ်ဆေးပြီး ရမှတ်မြင့်မားသူများကို သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်အုပ်စုအလိုက် ရွေးချယ်၍ သင်တန်းတက်ရောက်ခွင့် ပြုထားပါကြောင်း။

သို့ဖြစ်၍ **အခြေခံပညာကျောင်းများမှ အထွေထွေလုပ်သားများအပါအဝင် အောက်ခြေဝန်ထမ်းများအတွက် အသက်(၃၀)အထိလျှော့ပေါ့၍ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း ဝင်ခွင့်လျှောက်လွှာတင်သွင်းခွင့်ပြု ထားပြီးဖြစ်ပါကြောင်းနှင့် ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်း အစစ်အမှန် တစ်ခုတည်းအပေါ် မူတည်၍ သင်တန်းတက်ရောက်ခွင့်ပြုထားခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း နိမ့်ကျမှုမရှိစေရေးအတွက် လက်ရှိဆောင်ရွက်မှု အစီအစဉ်အတိုင်းသာ ဆက်လက်ဆောင်ရွက်ရန်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

**အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍ**တွင် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်က **ယနေ့ဖြစ်ထွန်းနေသော နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်များနှင့် လိုက်လျောညီထွေရှိသော ပုဂ္ဂလိက တက္ကသိုလ်များ (Private Universities) မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်ခွင့်ပြုရေးအတွက် လိုအပ်မည့် ပုဂ္ဂလိက တက္ကသိုလ်ပညာရေးဥပဒေကြမ်းတစ်ရပ် ပြုစုရေးဆွဲပေးရေး** အဆိုကိုတင်သွင်းရာ ယင်းအဆိုကို ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က ထောက်ခံဆွေးနွေးကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အဆိုသည် ဆောင်ရွက်သင့်သည့်ကိစ္စဖြစ်သဖြင့် သင့်တော်သည့်အချိန်ရယူ၍ ဆောင်ရွက်သင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဒေါက်တာစိုးရင်၏အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် သင့်တော်သည့်အချိန် ရယူရေးဆွဲပေးရန်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ** တွင် အောက်တိုဘာ(၂၀)ရက်က အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက တင်သွင်းသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့◆**

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# “သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းထူထောင်ခွင့်ပြုရန်” အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူ

နေပြည်တော် အောက်တိုဘာ ၂၇

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက **“မြန်မာနိုင်ငံ ကျောင်းဆရာများအသင်းချုပ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုရန် အစီအစဉ်ရှိ / မရှိ”** မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာရေးဝန်ကြီးဌာနတွင် ဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းများ စသည်ဖြင့် စနစ်ကျနစွာဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအဆင့်လိုက်မှ ဆရာ၊ ဆရာမနှင့်ဝန်ထမ်းများအား လစဉ်သာမကဘဲ အခါအားလျော်စွာတွေ့ဆုံပွဲများ ကျင်းပပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ဆရာ၊ ဆရာမများအနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီးနှင့်ဇီးပင်ကြီး)တို့တွင် ဖွင့်လှစ်သည့် သင်တန်းများတက်ရောက်သည့် အခါ၌လည်း တစ်ပေါင်းတည်းစုစည်းစွာ တွေ့ဆုံခွင့်ရရှိပါကြောင်း၊ **နှစ်စဉ်အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ၊ ဆရာမများသည် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင်ကျင်းပသော ပညာရေးနှီးနှောဖလှယ်ပွဲများတွင် လည်း တွေ့ဆုံခွင့်ရရှိပါကြောင်း၊ ထိုသို့တွေ့ဆုံခွင့်ရရှိချိန်တွင် ဆရာ၊ ဆရာမများ၏ လိုအပ်ချက်၊ တင်ပြချက်များကို ဖြေရှင်းပေးနေပါကြောင်း၊ ထို့အပြင် ဆရာ၊ ဆရာမများ ၏ ရင်ဖွင့်တိုင်ကြားစာများကိုလည်း အလေးထား စိစစ် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လောလောဆယ် မြန်မာနိုင်ငံကျောင်းဆရာများ အသင်းချုပ်ကဲ့သို့သော အဖွဲ့အစည်းမျိုး ထပ်မံဖွဲ့စည်းရန် မလိုအပ်သေးပါကြောင်း**ဖြင့် ဖြေကြားသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းတို့က ဥပဒေကြမ်းတွင်ပါဝင်သည့် ဗဟိုကော်မတီကိုဖွဲ့စည်းရာတွင် အဆင့်မြင့်သောပုဂ္ဂိုလ်များ၊ ဝန်ကြီးများပါဝင်ဖွဲ့စည်းသင့်ပြီး ကြီးကြပ်စစ်ဆေးရေးအဖွဲ့တွင်လည်း လက်ရှိဖွဲ့စည်းထားသည်ထက် အဆင့်မြင့်သူများ ပါဝင်သင့်ပါကြောင်း၊ ယခင်က မြေလွတ်မြေရိုင်းများစီမံခန့်ခွဲမှု ဗဟိုအဖွဲ့ရှိခဲ့ပြီး ၁၉၉၀ ပြည့်လွန်နှစ်များတွင် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်လုပ်ကိုင်စေခဲ့ရာ အချို့ဒေသများ၌ အောင်မြင်ဖြစ်ထွန်းခဲ့ပြီး အချို့ဒေသများတွင်မူ အောင်မြင်မှုအလွန်နည်းပါးခဲ့သည်ကို သိရှိရပါကြောင်း၊ ၁၉၉၉-၂၀၀၀ ပြည့်နှစ်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီးကို နိုင်ငံတော်၏ဆီအိုးကြီးဖြစ်ရမည်ဟူသောရည်မှန်းချက်ဖြင့် မြေလွတ်၊မြေလပ်၊ မြေရိုင်း ဧကသောင်းချီ၍ ဖော်ထုတ်ခဲ့ပြီး ကုမ္ပဏီလုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးစေခဲ့ပါကြောင်း၊ နိုင်ငံတော်က ယင်းသို့ ဆောင်ရွက်ပေးမှုကြောင့် ယခုအခါ အသီးအပွင့်များခံစားနေကြရပြီဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးကြပြီး ဥပဒေကြမ်းပါ အခန်း၊ အပိုဒ်နှင့် အပိုဒ်ခွဲများ၌ ထပ်မံဖြည့်စွက်၊ပယ်ဖျက်၊ ပြင်ဆင်၊ ထည့်သွင်းသင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသန်းမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်၊ ပြင်ဆင်ဖြည့်စွက်ချက်၊ ထပ်မံဖြည့်စွက်ချက်နှင့် ဖြည့်စွက်ချက်များ ဖြစ်သည့် အခန်း ၁ အပိုဒ် ၂ (စ) “ဆိုင်းဘုတ်ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင် ကိုင်ဆောင်နိုင်ရန်၊ မြေတွင်စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့်ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို **ဆိုသည်**”ဟု ပြင်ဆင်ချက်၊ အခန်း ၁ အပိုဒ် ၂(ဇ) “အလံဆိုရာတွင် တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံ**တို့ကိုဆိုသည်**” ဟု ပြင်ဆင်ချက်၊ အခန်း ၃ အပိုဒ် ၄(က) (ခ) “မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ **သို့မဟုတ် အဖွဲ့အစည်းများ**သည် ခွင့်ပြုမိန့်ရရှိရန် အောက်ပါအချက်များပါဝင်သောလျှောက်လွှာကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့ရက်မတိုင်မီ အနည်းဆုံး **ငါး**ရက်ကြိုတင်၍ တင်ပြရမည်” (က) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန် **အပိုင်းအခြား**၊ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အကြောင်းအရာ**နှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ**၊ (ခ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ အချိန် **အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ** ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၃ အပိုဒ် ၄ (င) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား”ဟု ထပ်မံဖြည့်စွက်ချက်၊ အခန်း ၄ အပိုဒ် ၅ “သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ **အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ** ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ **သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရ**”ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၅ အပိုဒ် ၁၂(ခ) “ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ”ဟု ဖြည့်စွက်ချက်၊ အခန်း ၅ အပိုဒ် ၁၂(ဃ) “(င) **နိုင်ငံတော်နှင့်ပြည်ထောင်စုကိုဖြစ်စေ၊** လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့သိက္ခာနှင့် ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ”ဟု ပြင်ဆင်ချက်၊ အခန်း ၅ အပိုဒ် ၁၂ (စ) **“မမှန်ကန်သောသတင်းများ (ကောလာဟလများ)ကိုဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရ**” ဟု ဖြည့်စွက်ချက်၊ အခန်း ၅ အပိုဒ် ၁၂(င) “(ဆ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်း ပြုလုပ်နိုင်သည်၊ (ဇ) **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက်အသုံးပြုခြင်း ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့်အော်ဟစ်ခြင်းမပြုလုပ်ရ**”ဟု ပြင်ဆင်ချက်၊ အခန်း ၅ အပိုဒ် ၁၂ (စ) “ (ဈ) တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်” ဟု ပြင်ဆင်ချက်၊ အခန်း ၅ အပိုဒ် ၁၂ (ဆ) “ (ည) **လိုအပ်ချက်အရ**ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်”ဟု ပြင်ဆင်ချက်၊ အခန်း ၅ အပိုဒ် ၁၂(ဇ) “ (ဋ)ခွင့်ပြုမိန့် ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲ လူစုခွဲရမည်”ဟု ပြင်ဆင်ချက်၊ အခန်း ၆ အပိုဒ် ၁၃ “ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုစေနိုင်ရန် လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း **ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးက** လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်”ဟု ပြင်ဆင်ချက်၊ အခန်း ၆ အပိုဒ် ၁၄(ခ) “ပုဒ်မခွဲ(က) အရ သတိပေးသည်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ **ချက်ချင်း**တင်ပြရမည်”ဟု ပြင်ဆင်ချက်၊ အခန်း ၆ အပိုဒ် ၁၅ “မြို့နယ်ရဲတပ်ဖွဲ့မှူးသည် **ပုဒ်မ ၁၄(ခ)အရ တင်ပြချက်ကိုရရှိလျှင်** မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထံ **ချက်ချင်း**တင်ပြ**ခွင့်ပြုချက်ရယူပြီး** ငြိမ်းချမ်းစွာစုဝေးခြင်းခွင့်ပြုမိန့်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းခွင့်ပြုမိန့်ကိုသော်လည်းကောင်း ရုပ်သိမ်းနိုင်သည်။ ယင်းသို့ရုပ်သိမ်းကြောင်းကို **တာဝန်ရှိသူက နှုတ်ဖြင့်ကြေညာပြီးနောက် ၂၄ နာရီအတွင်း စာဖြင့်အကြောင်းကြားရမည်**”ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၆ အပိုဒ် ၁၆ “ခွင့်ပြုမိန့်ကို ရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ဆက်လက် စည်းကမ်းဖောက်ဖျက်ခြင်းများရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ **နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း**၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်”ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၇ အပိုဒ် ၁၇ “မည်သူမဆို ခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ **ကျပ်ငါးသောင်းထက်မပိုသော** ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်”ဟု ပြင်ဆင်ချက်၊ အခန်း ၇ အပိုဒ် ၁၈ “မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ **ကျပ်သုံးသောင်းထက်မပိုသော** ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်” ဟု ပြင်ဆင်ချက်၊ အခန်း ၇ အပိုဒ် ၁၉ “မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ(၅)အရ သတ်မှတ်သော စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့ပါ စည်းကမ်းတစ်ရပ်ရပ်ကိုသော် လည်းကောင်း ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ **ကျပ်တစ်သောင်းထက်မပိုသော** ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်”ဟု ပြင်ဆင်ချက်၊ အခန်း ၈ အပိုဒ် ၂၀ “**အခန်း ၇ ပါ ပြစ်မှုများ**ကို ရဲ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှု**များ**အဖြစ် သတ်မှတ်သည်”ဟု ပြင်ဆင်ချက်၊ အခန်း ၈ အပိုဒ် ၂၁ “**မည်သူမဆို** ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများကို ဆန့်ကျင်ကျူးလွန်လျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများ ကျူးလွန်လျှင်သော်လည်းကောင်း၊ ယင်းဖောက်ဖျက်ကျူးလွန်မှုများကို ယင်းတို့နှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရမည်”ဟု ပြင်ဆင်ချက်၊ အခန်း ၈၊ “**၂၂။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်း မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာလှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်း စသည့်အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ရာ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်**”“**၂၃။ ခွင့်ပြုချက်ရရှိသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် စီတန်းခြင်း မပြုလုပ်လိုပါက ၂၄ နာရီ အတွင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်တင်ပြရမည်**”ဟု ဖြည့်စွက်ချက်နှင့် အခန်း ၈ အပိုဒ် ၂၂(က) “**၂၄။**(က) လိုအပ်သော နည်းဥပဒေ၊ **စည်းမျဉ်း သို့မဟုတ် စည်းကမ်း**များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်”ဟု ပြင်ဆင်ချက်တို့ကို လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။



**ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု မေးမြန်းစဉ်။**
(သတင်းစဉ်)



**ပြန်လည်ဖြေကြား**

**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။**
(သတင်းစဉ်)

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာလှသိန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်နှင့် ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်သည့် ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက်၊ အခန်း ၁၊ အပိုဒ် ၂(င) “**ညစ်ညမ်းမှု**ဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ ထိခိုက်စေရန်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိ ပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင်အစိတ်အပိုင်း တစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ **သက်ရောက်စေမှု**တစ်ရပ်ရပ်ကိုဆိုသည်”ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁ အပိုဒ် ၂(စ) “**အသံညစ်ညမ်းမှု** ဆိုသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှုဖြစ်စေသော၊ အကြားအာရုံဆုံးရှုံးမှု ဖြစ်ပေါ်စေသော သို့မဟုတ် အခြား အသံခံစားမှုကို အနှောင့်အယှက်ဖြစ်စေသော **သတ်မှတ်စံညွှန်းဘောင်ကျော်လွန်သည့်** အသံအတိုင်းအတာတစ်ရပ် ဖြစ်ပေါ်နေမှုကိုဆိုသည်”ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁ အပိုဒ် ၂(ဆ) “**ညစ်ညမ်းပစ္စည်း**ဆိုသည်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပတ်ဝန်းကျင် အစိတ်အပိုင်း သို့မဟုတ် အခြေခံတစ်ရပ်ရပ်ကို အကျိုးရှိစွာ အသုံးပြုခြင်းအား ထိခိုက်စေရန် အရည်အသွေးပြောင်းလဲစေသည့် သို့မဟုတ် ကျန်းမာရေးကို ဘေးအန္တရာယ်ဖြစ်သည့် သို့မဟုတ် ဖြစ်စေနိုင်သည့် **ညစ်ညမ်းမှုကို ဖြစ်စေနိုင်သည့်** အစိုင်အခဲ၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့❖**

**◆စာမျက်နှာ ၄ မှ**

အဆိုပါဥပဒေကြမ်းနှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာတွင် ပြင်ဆင်ချက်မရှိသကဲ့သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း သတ်မှတ်ထားသည့် အောက်တိုဘာ(၂၆)ရက်အထိ ပြင်ဆင်ချက်တစ်စုံတစ်ရာ တင်သွင်းခြင်း မရှိသည့်အတွက် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အတိုင်း ပြည်သူ့လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်ပြီး ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၆၈ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အမျိုးသားလွှတ်တော်၌ စတင်တင်သွင်းဆွေးနွေး၍ အတည်ပြုချက်ဖြင့် ပေးပို့သော**‘လွှတ်တော်ရုံးဥပဒေကြမ်း’**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက တင်သွင်းရာတွင် ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါကြောင်း၊ အမျိုးသားလွှတ်တော်ကလည်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွင်းဥပဒေကြမ်းတွင် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများ၊ သီးခြား ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေး ဆိုင်ရာကိစ္စရပ်များ ပြဋ္ဌာန်းထားရှိပါကြောင်း။

**ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းပြီးပါက ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်အတည်ပြုပြဋ္ဌာန်း သွားရမည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ပထမအဆင့်အနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော် နှစ်ရပ်စလုံး၌ အပြန်အလှန်စိစစ်ဆောင်ရွက်ဆဲဖြစ်ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေများကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ လွှတ်တော်ရုံး ဥပဒေကြမ်းကို ပိုမိုပြည့်စုံကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဟု သုံးသပ်ရရှိသည့်အတွက် လွှတ်တော်ရုံးဥပဒေကြမ်း စိစစ်ဆောင်ရွက်မှုအား ယာယီဆိုင်းငံ့ထားသင့်ပါကြောင်း**ဖြင့် တင်ပြသည်။

ဥပဒေကြမ်းကော်မတီက လွှတ်တော်ရုံးဥပဒေကြမ်းစိစစ်မှုကို ယာယီဆိုင်းငံ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် ထားရှိသင့်ကြောင်း တင်ပြထားသည့်အတွက် ယင်း တင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က ယင်း ဥပဒေကြမ်းစိစစ်ဆောင်ရွက်မှုကို ဆောင်ရွက်ဆဲအဖြစ်ထားရှိရန် သဘောတူဆုံးဖြတ် သည်။

ဒုတိယပုံမှန်အစည်းအဝေး(၄၂)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၄၃)ရက်မြောက်နေ့ကို လာမည့်အပတ်အတွင်း ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သစ်တောကဏ္ဍဖွံ့ဖြိုးမှ သာယာလှပလူ့ဘောင်ဘဝ

ဒေါက်တာဆန်းဝင်း

**(ယမန်နေ့မှအဆက်)**

ဒီရေတောများသည် မှန်လုံအိမ်အာနိသင်ကို ဖြစ်ပေါ်စေသည့် Green House Gas ဓာတ်ငွေ့ကို ကုန်းတွင်းပိုင်းသစ်ပင်မျိုးများထက် ပိုမိုစုပ်ယူနိုင်သော Carbon Sink များလည်းဖြစ်သဖြင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကိုလည်း ဟန့်တားကာကွယ်နိုင်ပါသည်။ လေထုညစ်ညမ်းမှုကို သန့်စင်ပေး၍ လေကောင်းလေသန့်များကို ဖန်တီးပေးသဖြင့်လည်း ဒီရေတောများကို "လူသားများ၏ အဆုတ်"ဟု တင်စားခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၁၀ ခုနှစ်အထိ စိုက်ပျိုးတည်ထောင်ခဲ့သော ရေဝေရေလဲ သစ်တောစိုက်ခင်းဧရိယာမှာ ဟက်တာ ၁၃၆၉၈၄ ရှိခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တည်ရှိနေသော သစ်တောသယံဇာတများအား ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ မူလအရင်းကိုမထိခိုက်စေဘဲ အတိုးကိုသာထုတ်ယူသုံးစွဲသည့်စနစ်များကို အသုံးပြုကာ သစ်ထုတ်လုပ်လျက်ရှိသည်။ နှစ်စဉ်ခုတ်လှဲထုတ်ယူခွင့်ပြုသော အပင်အရေအတွက် (Annual Allowable Cut-ACC)ကို သိပ္ပံနည်းကျတွက်ချက်ပြီး ခုတ်လှဲခွင့်ပြုသည့် ကန့်သတ်လုံးပတ် (Girth Limit)၊ ခုတ်ပတ်ကာလ(Felling Cycle)နှင့် ခုတ်ကွက်စဉ်များ(Felling Series)သတ်မှတ်၍ ထုတ်လုပ်လျက်ရှိသည်။ ဥပမာအားဖြင့် သစ်ထုတ်လုပ်မှုဧရိယာတစ်ခုတွင် ခုတ်ကွက် ၃၀ ဖွဲ့ပြီး တစ်နှစ်လျှင်တစ်ကွက်နှုန်းဖြင့် ရင်စို့လုံးပတ် ၇ ပေ ၆ လက်မအထက်ရှိသည့် အပင်များကို သင်းသတ်ထုတ်ယူရပါသည်။ ၇ ပေ ၆ လက်မအောက် အပင်များကို ချန်ထားရသည်။ ဤသို့ဖြင့် အကွက် ၃၀ ပြီး၍ ပထမအကွက်သို့ ပြန်လည်ရောက်ရှိလာလျှင် လွန်ခဲ့သောနှစ်သုံးဆယ်က ချန်ထားခဲ့သော အပင်များအနက်မှ သတ်မှတ်လုံးပတ်ထက်ကျော်သော အပင်များကို တစ်ခါသင်းသတ်ထုတ်ယူသော စနစ်ဖြစ်သည်။

သစ်ထုတ်လုပ်ရာတွင် ရင့်သောအပင်များကိုသာ ဦးစားပေးရွေးချယ်ခုတ်လှဲခြင်းဖြင့် ငယ်ရွယ်သော အပင်များအတွက် လိုအပ်နေသော နေရောင်ခြည်၊ မြေနေရာနှင့် အစာရေစာများ ပိုမိုရရှိစေမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ခုတ်လှဲထုတ်ယူရာတွင်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ သစ်ပင်များခုတ်လှဲရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော အပြောင်ရှင်းစနစ် (Clear Fell System)ကို ရှောင်ရှားလျက် မြေဆီလွှာပျက်စီးဆုံးရှုံးမှုမရှိစေရန် သတိပြုလုပ်ကိုင်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် သစ်တောပြုန်းတီးမှုကဲ့သို့သော သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာပေါင်းစုံကို ဖွံ့ဖြိုးပြီးနိုင်ငံရော ဖွံ့ဖြိုးဆဲနိုင်ငံပါ ဆင်းရဲချမ်းသာမရွေး တွေ့ကြုံရင်ဆိုင်နေကြရပြီဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စက်မှုလုပ်ငန်းများနှင့် စက်တပ်ယာဉ်များမှ ထုတ်လုပ်သည့်ဓာတ်ငွေ့နှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ယိုယွင်းရသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝသယံဇာတများကို လွန်ကဲစွာ ထုတ်ယူသုံးစွဲလာကြသဖြင့် ပတ်ဝန်းကျင်ပြုန်းတီးမှုများဖြစ်ပေါ်လာခဲ့သည်။ အထူးသဖြင့် သစ်ပင်သစ်တောများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်သောပမာဏထက် ကျော်လွန်၍ ပိုမိုထုတ်လုပ်သုံးစွဲလိုက်သောအခါ သစ်တောပြုန်းတီးမှုနှင့်အတူ သဘာဝဂေဟစနစ်ယိုယွင်းပျက်စီးလာမှုကို ကြုံတွေ့လာရသည်။

ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် ကပ်ဘေးအသွင်ဖြစ်ပေါ်လာပြီး သက်ရှိသတ္တဝါများ၏ အသက်ရှင်ရပ်တည်မှုကိုပင် ခြိမ်းခြောက်လာသဖြင့် ထိုပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရအသီးသီးသာမက ကမ္ဘာသူ ကမ္ဘာသားအားလုံးက ကြိုးပမ်းလာကြသည်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် ၁၉၉၂ ခုနှစ် ဇွန်လအတွင်းက ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့တွင် တွေ့ဆုံဆွေးနွေး၍ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်ကို ရေးဆွဲနိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ် မတ်လတွင် စတင်အတည်ပြုလုပ်ရှားဆောင်ရွက်လာခဲ့ကြသည်။ Agenda 21-သက်ရှိဇီဝများ ကွဲပြားခြားနားမှုဆိုင်ရာ (Biodiversity) ကွန်ဗင်းရှင်းအရ သစ်တောများ ပြန်လည်ပျိုးထောင်ခြင်း၊ ရှားပါးတိရစ္ဆာန်များ သတ်ဖြတ်မှုမှ ကာကွယ်ခြင်း၊ ဆင်စွယ်၊ ကြံ့ချို၊ တိရစ္ဆာန်သားရေကဲ့သို့သော တိရစ္ဆာန်ထွက်ပစ္စည်းများအား မှောင်ခိုရောင်းဝယ်ဖောက်ကားမှုမှ တားဆီးပိတ်ပင်ခြင်းစသော သဘာဝပတ်ဝန်းကျင်စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

၁၉၉၇ ခုနှစ်က ဂျပန်နိုင်ငံ ကျိုတိုမြို့၌ ကျင်းပသော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၏ (၃)ကြိမ်မြောက် အထွေထွေညီလာခံက သစ်တောများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် (Afforestation and Reforestation Clean Development Mechanism-A/R CDM) အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကိုပင်ဟေဂင်သဘောတူညီချက်ကို ရေးဆွဲကာ Reducing Emission From Deforestation and Forest Degradation-REDD Plus လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့သည်။ ထိုလုပ်ငန်းစဉ်အရ သစ်တောကဏ္ဍတွင် သစ်တောများ ကာကွယ်ထိန်းသိမ်း၍ ရရှိလာသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ (Environmental Service) ကို ရောင်းချခြင်းဖြင့် သစ်ထုတ်ခြင်းကဲ့သို့သော နိုင်ငံခြားဝင်ငွေ ရရှိစေမည်ဖြစ်သည်။ ဥပမာအားဖြင့် သစ်တောများ ကာကွယ်ထိန်းသိမ်း၍ စုဆောင်းရရှိလာသော ကာဗွန်များအား REDD Plus လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ ရောင်းချခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ တည်ထောင်၍ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ဂေဟစနစ်ထိန်းသိမ်းခြင်း၊ သဘာဝသစ်တောသယံဇာတ အမွေအနှစ်များ ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများမှ နိုင်ငံခြားငွေမြောက်မြားစွာ ရရှိနိုင်ပြီဖြစ်သည်။

သစ်တောများ ပြုန်းတီးပျက်စီးမှုကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေ ယိုယွင်းလာသည့် စိုးရိမ်ဖွယ်ရာအခြေအနေကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အာရုံစိုက်လာစေရန်နှင့် ထိုပြဿနာကို ကမ္ဘာသူကမ္ဘာသားများက ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင်ရွက်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (International Year of Forests)အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ်အဖြစ် ပြုလုပ်သော ကုလသမဂ္ဂသစ်တောညီလာခံက ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက်လေးရပ်ကို ချမှတ်ခဲ့သည်။ ယင်းရည်ရွယ်ချက်များအနက် "သစ်တောများအား ထာဝစဉ်တည်တံ့စေသော စီမံအုပ်ချုပ်မှုစနစ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်ရန်" ဟူသော ရည်ရွယ်ချက်တစ်ရပ် ပါရှိနေပါသည်။

မြန်မာနိုင်ငံသည် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပါဝင်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဒေသဆိုင်ရာ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ လက်ခံကျင်းပခြင်း၊ နိုင်ငံတကာကွန်ဖရင့်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အစည်းအဝေးများသို့ စေလွှတ်တက်ရောက်စေခြင်း၊ ပြန်လည်၍ ဆင့်ပွားဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ ကတိပြုစာချုပ်များကို ပါဝင်လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် အိုဇုန်းလွှာကာကွယ်ရေး မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် (၁၉၈၇)၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာစာချုပ်(၁၉၉၂)နှင့် ကျိုတိုနောက်ဆက်တွဲစာချုပ် (၁၉၉၇)၊ မျိုးသုဉ်းမည့် အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်များအပေါ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကွန်ဗင်းရှင်း (၁၉၇၃)၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ် သဘောတူညီချက်(၁၉၉၄)၊ ဇီဝမျိုးကွဲထိန်းသိမ်းရေးကွန်ဗင်းရှင်း (၁၉၉၂)နှင့် သဲကန္တာရတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (၁၉၉၄)စသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင် တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးကွဲများကာကွယ်ရေး သဘောတူညီချက်များတွင် လက်မှတ်ရေးထိုးကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။

ဖန်လုံအိမ်အာနိသင်ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန်အတွက် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် (CDM) နှင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းလုပ်ငန်းစဉ် (REDD) များကို နိုင်ငံအဆင့်လုပ်ငန်းစီမံကိန်းများရေးဆွဲကာ အစပျိုးဆောင်ရွက်လျက်ရှိပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းအတွက် မြန်မာနိုင်ငံ၏ ကနဦးအမျိုးသားအစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်ကို အခြေခံသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ညီမျှသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် တန်ချိန် ၇၄ သန်းနှင့် သစ်တောကဏ္ဍက ကာဗွန်စုပ်ယူထိန်းသိမ်းထားမှုသည် ၁၄၂ သန်းခန့်ရှိကြောင်း ဖော်ပြထားပါသည်။ ယင်းဖော်ပြချက်အရ မြန်မာနိုင်ငံသည် ကာဗွန်ထုတ်လုပ်မှုအပေါ် ပြန်လည်စုပ်ယူထိန်းသိမ်းမှုကောင်းသည့် နိုင်ငံဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေပါသည်။

ယခု အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်(၂၀၁၁ ခုနှစ်)ကျင်းပပေးခြင်းဖြင့် သစ်တောကဏ္ဍသည် လူသားတို့ရပ်တည်ရှင်သန်ရေးနှင့် လူ့ဘောင်ဘဝ သာယာလှပရေးတို့အတွက် အရေးပါကြောင်း ဖော်ထုတ်ပြသရန် အခွင့်အလမ်းတစ်ခု ရရှိစေပါသည်။ ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှု လျော့နည်းပပျောက်ရေးမှသည် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းသာ ပိုမိုပြည့်စုံလုံခြုံ၍ သာယာလှပသော အနာဂတ်လူ့ဘောင်ဘဝကို ရရှိနိုင်မည်ဖြစ်သည်။

သစ်တောဂေဟစနစ်များသည် တစ်ကြိမ်ပျက်စီးသွားပါက ပြန်လည်ဖြစ်ထွန်းရန် နှစ်ပေါင်းများစွာ အချိန်ယူစောင့်ရမည်ဖြစ်ပြီး အကျိုးဆက်အားဖြင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်သာမက လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် ဂေဟစနစ်ဝန်ဆောင်မှုများ (Ecosystem Services) ကိုပါ ထိခိုက်ပျက်စီးစေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် သစ်တောသယံဇာတများသည် နိုင်ငံ၏ ပစ္စုပ္ပန်ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းပေးသကဲ့သို့ အနာဂတ်သားစဉ်မြေးဆက်အတွက်လည်း အမွေအနှစ်ဖြစ်ပါသည်။ ကမ္ဘာ့လူသားတို့အား စားဝတ်နေရေး ဖူလုံရန်အတွက်လည်းကောင်း၊ ဆေးဝါးနှင့် လူအသုံးအဆောင်ပစ္စည်းများ ပြည့်စုံရန်အတွက်လည်းကောင်း၊ စွမ်းအင်ရရှိရန်အတွက်လည်းကောင်း သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရန်အတွက်လည်းကောင်း၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း ဝန်ဆောင်မှုပြု၍ ကျေးဇူးများသည့်သစ်တောများကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းသင့်ပါသည်။ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းသည် လူ့ဘောင်ဘဝသာယာလှပရေးအတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်၍ သစ်တောများကို ထိန်းသိမ်းရန်မှာ ကမ္ဘာ့လူတိုင်း၏ တာဝန်ပင်ဖြစ်ပါကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

❖စာမျက်နှာ ၅ မှ

အရည် သို့မဟုတ် အခိုးအငွေ့ကိုဆိုသည်"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁ အပိုဒ် ၂(ဈ) "**ဘေးအန္တရာယ်ရှိပစ္စည်း**ဆိုသည်မှာ ဓာတုပစ္စည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လူ၊ တိရစ္ဆာန်၊ အပင်၊ ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပေါက်ကွဲစေတတ်သောပစ္စည်း၊ **ဇီဝလက်နက်အဖြစ် ဖန်တီးအသုံးပြုနိုင်သောပစ္စည်း၊ နျူကလီးယားလက်နက်အဖြစ် အသုံးပြုနိုင်သော ပစ္စည်း**၊ မီးလောင်စေတတ်သောပစ္စည်း၊ အောက်ဆီဂျင်ဖြင့် ဓာတ်ပြုစေတတ်သော ပစ္စည်း၊ အဆိပ်အတောက်ဖြစ်စေတတ်သောပစ္စည်း၊ ရောဂါဖြစ်ပွားစေတတ်သော ပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊ မျိုးရိုးဗီဇပြောင်းလဲစေတတ်သော ပစ္စည်း၊ စားလောင်စေတတ်သောပစ္စည်း၊ **ယားယံရောင်ရမ်းစေခြင်း အပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောပစ္စည်း** သို့မဟုတ် အရာဝတ္ထုကို ဆိုသည်"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁ အပိုဒ် ၂(ည) "**အကျိုးရှိစွာအသုံးပြုခြင်း** ဆိုသည်မှာ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကို ဖြစ်ပေါ်**စေနိုင်ရန်** စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများ၊ ထုတ်လွှတ်ပစ္စည်းများနှင့် စုပုံပစ္စည်းများ၏ ဆိုးကျိုးသက်ရောက်မှုမှ လိုအပ်သောကာကွယ်မှုများပြုလုပ်၍ ပတ်ဝန်းကျင်ကိုဖြစ်စေ၊ ပတ်ဝန်းကျင်အခြေခံတစ်ရပ်ရပ်ကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ရပ်ရပ်ကိုဖြစ်စေ အသုံးပြုခြင်းကိုဆိုသည်"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁ အပိုဒ် ၂(ဋ) "**ပိုင်ရှင်** ဆိုသည်မှာ အဆောက်အအုံ၊ မြေနေရာ သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို ပိုင်ဆိုင်သူ၊ လုပ်ငန်းရှင်၊ တာဝန်ခံလုပ်ကိုင်ဆောင်ရွက်သူ၊ အငှားချသူ သို့မဟုတ် ပစ္စည်းထိန်းသော်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တစ်ဦးဦး၏ အမွေဆက်ခံသူ၊ ယုံမှတ်အပ်နှံခံရသူ သို့မဟုတ် ကိုယ်စားလှယ်**ကို** သော်လည်းကောင်းဆိုသည်"ဟု ပြင်ဆင်ချက်၊ အခန်း ၁ အပိုဒ် ၂(တ) "**ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ၊ ပေါ်ပေါက်လာသည့်ဘေးအန္တရာယ် သို့မဟုတ် ညစ်ညမ်းမှုကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်းမပြုပါက အများပြည်သူအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုသော်လည်းကောင်း၊ **ပတ်ဝန်းကျင်နှင့်** ဂေဟစနစ်ကိုသော်လည်းကောင်း ထိပါးစေနိုင်သည့် အခြေအနေကိုဆိုသည်"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၂ အပိုဒ် ၃(ဃ) "**ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်**နေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၃ အပိုဒ် ၆(ဂ) "ပြည်တွင်း ပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် **နည်းပညာဆိုင်ရာ အကူအညီများ** လက်ခံရယူခြင်း၊ ယင်းငွေနှင့်ပစ္စည်းများ **နည်းပညာများ**ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သလို စီမံခန့်ခွဲအသုံးပြုခြင်း"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၄ အပိုဒ် ၉(စ) "ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရပ်ကို **တက္ကသိုလ်များ၊ အခြေခံပညာ** ကျောင်းများတွင် သင်ကြားနိုင်ရေး၊ ပြည်သူလူထုအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်တိုးမြှင့်ရေးနှင့် အများပြည်သူတို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၄ အပိုဒ် ၉(ပ) "အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ **ထုတ်လွှတ်အခိုးအငွေ့** ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့်စက်ရုံများ၊ စခန်းများ တည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်း"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၄ အပိုဒ် ၉(ဏ) "စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊ အဆောက်အအုံများတွင် စွန့်ပစ်ရေ၊ သန့်စင်မှုဆိုင်ရာစည်းကမ်းများ **သတ်မှတ်ခြင်း၊ စက်၊ ယာဉ်၊ ယန္တရားများက ထုတ်လွှတ်မှုဆိုင်ရာစည်းကမ်းများ သတ်မှတ်ခြင်း**"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၄ အပိုဒ် ၉(ဗ) "အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ အဏ္ဏဝါကမ်းခြေ**နှင့်ရေထု** ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို လျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှု တိုက်ဖျက်ရေး၊ ပျက်စီးရန်မလွယ်ကူသော ညစ်ညမ်းပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်ခြင်း"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁၀ အပိုဒ် ၂၇(က) "သတိပေးပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ **ခံဝန်ချုပ် ရေးထိုးစေခြင်း**"ဟု ပြင်ဆင်ချက်၊ အခန်း ၁၂ အပိုဒ် ၃၂ "မည်သူမျှ ဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ **သိုလှောင်ခြင်း၊ သယ်ယူခြင်း** သို့မဟုတ် ရောင်းဝယ်ခြင်းမပြုရ"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁၃ အပိုဒ် ၃၆ "မည်သူမဆို ပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက် ဝန်ကြီးဌာနက တားမြစ်ထားသောပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်းကြောင်း၊ ပြည်ပသို့တင်ပို့ကြောင်း၊ ထုတ်လုပ်ကြောင်း၊ **သိုလှောင်ကြောင်း၊ သယ်ယူကြောင်း**၊ သို့မဟုတ် ရောင်းဝယ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်၊ ထို့အပြင် ယင်းပစ္စည်းအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော အဆင့်အထိ ပြုပြင်ပြောင်းလဲစွန့်ပစ်ရန်အတွက် ကုန်ကျသောစရိတ်ကို ထိုသူက ကျခံစေရမည်"ဟု ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁၃ အပိုဒ် ၃၈ "ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား နိုင်ငံတော်၏အကျိုးငှာ **ဤ**ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်သည်"ဟု ပြင်ဆင်ချက်တို့ကို တစ်ပိုဒ်ချင်းစီ အတည်ပြုပြီး ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၄ တို့သည် လည်းကောင်း၊ ဤဥပဒေကြမ်းအမည်သည်လည်းကောင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်ဟု လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက "**သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းထူထောင်ခွင့်ပြုရန်**" အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

## (၉)ကြိမ်မြောက် လက်မှုပစ္စည်းကုန်စည်ပြပွဲနှင့် (၇)ကြိမ်မြောက် လက်မှုအသုံးအဆောင်ပစ္စည်းပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၇**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက် အထိ (၉)ကြိမ်မြောက် လက်မှုပစ္စည်းကုန်စည်ပြပွဲနှင့် (၇)ကြိမ်မြောက် လက်မှုအသုံးအဆောင်ပစ္စည်းပြိုင်ပွဲကို နီပေါနိုင်ငံ လက်မှုထည်ပစ္စည်း ထုတ်လုပ်သူများအသင်းက ကြီးမှူး၍ နီပေါနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အသင်းအဖွဲ့လေးခုမှ ပူးပေါင်းပံ့ပိုးပေးထားပြီး ပြခန်းပေါင်း ၁၆၀ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲတွင် Pashmina, Garment, Carpets, Silver Jewelry, Handmade Paper Products, Textile Products, Stone Craft, Wood Craft, Bone & Horn Products, Incense, Leather Products, Beads Items, Bamboo Products, Gems & Jewellery, Miscellaneous Handicraft Products, Latest Machinery , tools and accessories used in handicraft products, Woolen, Hemp/ Allo Goods, Dhaka Products, Paubha (Thanka) အစရှိသည့် ပစ္စည်းများကို ခင်းကျင်းပြသကြမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက www. nepalhandicraft.org.np သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ သွားရောက်ပြသမည်ဆိုပါက ပြသမည့် ကုမ္ပဏီအမည်စာရင်း၊ ပစ္စည်းစာရင်း၊ တက်ရောက်မည့် ပုဂ္ဂိုလ်စာရင်း၊ နိုင်ငံကူးလက်မှတ် မိတ္တူ၊ Invoice အစုံအလင်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ နိုဝင်ဘာ ၉ ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး (၄၂)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ ရက် သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမေးမြန်းသည့် မေးခွန်း(၁)ခုကို သက်ဆိုင်ရာ ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုကိုဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်း(၂)ခုကို အတည်ပြုခြင်းနှင့် အဆိုသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ-အီတလီ လောင်စာဆီအသုံးပြုမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းရေးဆိုင်ရာနည်းပညာကိစ္စရပ်များ ရင်းနှီးစွာဆွေးနွေး

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အီတလီသမ္မတနိုင်ငံ Agribusiness and Rural Development Consultants, President Mrs. Hishamuddin Koh ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံစဉ်။**(သတင်းစဉ်)



**နေပြည်တော် အောက်တိုဘာ ၂၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အီတလီသမ္မတနိုင်ငံ Agribusiness and Rural Development Consultants, President Mrs. Hishamuddin Koh ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ပို့ဆောင်ရေးဌာနအောက်ရှိ ရေယာဉ်အင်ဂျင်များအတွက် လောင်စာဆီအသုံးပြုမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဝင်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဗိုလ်မှူးကြီးအေးသော်<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## ရွှေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၁၄/၂၀၁၁)နှင့် (၁၅/၂၀၁၁) ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၁၄/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၁၅/၂၀၁၁)ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲ ဆုရရှိသူများဂုဏ်ပြုပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဗဟိုအဆင့်ပြိုင်ပွဲတွင် ပထမဆုရပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**ရန်ကုန် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် အောက်တိုဘာ ၂၆ ရက် ည ၇ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမဥကျင်းပသော (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဆုရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် ပြိုင်ပွဲအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပထမဆုရ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက တတိယဆုရ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ရွှေ ၁၀ ခု၊ ငွေ ရှစ်ခု၊ ကြေး လေးခုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စတုတ္ထအဆင့်ရရှိခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## ရပ်ကွက်သာသနနုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ် (ဂ)ရပ်ကွက် သာသနနုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ခရိုင်သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးထိန်ဝင်း၊ မြို့နယ် သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသောင်းကြည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးပြီး အသင်းဝင် အဆိုပြုလွှာ ပေါင်း ၂၅၈ စောင်ကို ရပ်ကွက်နှင့် မြို့နယ်အသင်းဥက္ကဋ္ဌတို့သို့ ပေးအပ်ကြောင်းနှင့် မြို့သစ် (က+ခ) ရပ်ကွက်တွင်လည်း ယင်းဆိုင်းဘုတ်တင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

## ပုဇွန်တောင်ချောင်းအတွင်း မကြုံစဖူး ငါးများစုပုံမျောနေခြင်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် ဆက်စပ်နေဟုဆို

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြို့ ပုဇွန်တောင်ချောင်းအတွင်း လွန်ခဲ့သောရက်က ရေအပေါ်ယံလွှာ၌ မကြုံဖူးလောက်အောင် ငါးများစုပုံမျောပါမှုများမှာ ရာသီဥတုဖောက်ပြန်မှုများနှင့် ဆက်စပ်နိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းက ပြောကြားသည်။

"ကျွန်တော့်အတွေ့အကြုံအရ ဒါဟာ ရာသီဥတုနဲ့ ဆက်စပ်တယ်လို့ သုံးသပ်မိပါတယ်" ဟု ၎င်းက အောက်တိုဘာ ၂၅ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ၌ ပြောကြားလိုက်ခြင်းဖြစ်သည်။

ငါးမွေးကန်များတွင် ရာသီဥတုဖောက်ပြန်ကာ မိုးများသည်းထန်စွာရွာသွန်းပြီးနောက် နေအပူချိန် ပြင်းထန်မှုက ရေအပူချိန်ကို ၄/၅ ဒီဂရီလောက် ပြောင်းလဲသွားနိုင်ကြောင်း၊ ရေအတွင်း အောက်ဆီဂျင်ပျော်ဝင်မှု အနေအထားမှာလည်း ပြောင်းလဲသွားနိုင်ကြောင်း၊ ထိုအခြေအနေမျိုးတွင် ငါးငယ်လေးများနှင့် သတ္တဝါငယ်လေးများမှာ ခံနိုင်ရည်မရှိတော့ဘဲ မူးဝေခြင်းများဖြစ်တတ်ကြောင်း သိရသည်။

အဆိပ်များချ၍ ငါးဖမ်းဆီးမှုမှာ ငါးမွေးကန်များ၌သာ လုပ်ဆောင်မှုများပြီး ချောင်းရိုး၊ မြောင်းရိုးများတွင် လုပ်ဆောင်နိုင်ခြင်း မရှိသောကြောင့် ယခုအခြေအနေမှာ အဆိပ်ကြောင့်မဖြစ်နိုင်ဟု ဆိုသည်။ ပုဇွန်တောင်ချောင်းအတွင်း ငါးအမြောက်အမြား ရေအပေါ်ယံလွှာတွင် စုပုံနေခြင်းနှင့်ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်သောနမူနာများကို ငါးလုပ်ငန်းဦးစီးဌာနမှ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ (၆၈၀)

## ပခုက္ကူခရိုင်အတွင်း ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက တပ်မတော်ရဟတ်ယာဉ်များဖြင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးပို့လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်နှင့် ပေါက်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား အောက်တိုဘာ ၂၆ ရက်တွင် တပ်မတော်ရဟတ်ယာဉ် ရှစ်စင်းဖြင့် လှူဒါန်းပေးပို့ခဲ့သည်။

နယ်မြေခံတပ်မှ တာဝန်ရှိသူများသည် တံစူးကျေးရွာ အလယ်တန်းကျောင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တာဝန်ရှိသူများထံသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး ပေါက်မြို့နယ် တံစူးကျေးရွာအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့်နေရာများအားကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

**တွေ့ဆုံအားပေး**

ထို့အပြင် နယ်မြေခံတပ်မှ တာဝန်ရှိသူများသည် ဆိပ်ဖြူမြို့နယ် သဖန်းတောက်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက်လည်း တပ်မတော်ရဟတ်ယာဉ်များဖြင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးအပ်လှူဒါန်းခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ယာယီနေရာချထားမှု အခြေအနေကို လိုက်လံကြည့်ရှု၍ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

အောက်တိုဘာ ၂၆ ရက် ထောက်ပံ့လှူဒါန်းမှုများအနေဖြင့် တံစူးကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ကုလားပဲ၊ အာလူး၊ ဒန်အိုးများ၊ စားသုံးဆီများ၊ ခေါက်ဆွဲခြောက်များ၊ အဝတ်အထည်များ၊ ရေသန့်ဘူးများ၊ ဓာတ်ဆားထုပ်များ၊ ဇလုံအသေး၊ ကြွေရည်သုတ် ပန်းကန်ပြားနှင့် ထမင်းကြော်ဘူးများ ပေးအပ်ခဲ့ပြီး အလားတူ ကင်းမွန်းထောက်ရွာ၊ ကျွန်းရင်းရွာနှင့် လယ်သာဝရွာတို့တွင်လည်း ပေးအပ်လှူဒါန်းခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထို့အပြင် ပခုက္ကူမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသော လေသာတိုက်သစ်ကျောင်း၊ တိလောကကျောင်းနှင့် မိုးကုတ်ဝိပဿနာကျောင်းတို့တွင်လည်း လူမှုရေးအဖွဲ့အစည်းများက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတော်နှင့်တပ်မတော်၏ သဘောထားနှင့် စေတနာအမှန်ကိုသိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေခြင်း၊ တပ်မတော်အနေဖြင့်လည်း ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိနေချိန်တွင် နိုင်ငံတော်နှင့်တပ်မတော်တို့၏ သဘောထားအမှန်ကို သိမြင်လာကြသော သောင်းကျန်းသူအဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ရပ်များအပေါ်တွင် ၎င်းတို့ကိုယ်တိုင် ယုံကြည်မှုမရှိခြင်းနှင့် မှန်ကန်ကောင်းမွန်မှုမရှိသောမှားယွင်းသည့် လုပ်ရပ်များအပေါ် နားလည်သဘောပေါက်လာသောကြောင့် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်၏ ရင်ခွင်သို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၁၁ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း-

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအိုင်အေ (ကချင်)အဖွဲ့မှ တပ်ကြပ် ခါးလီ(ခ)ရုပ်ဆိုးသည် လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ (ဝမ်ဟိုင်း)အဖွဲ့မှ ဗိုလ်ကြီး ခမ်းဟန်ဖ (ခ) လှအောင်သည် ၉-မမ ပစ္စတို (၁)လက်၊ ကျည် (၁၅)တောင့်၊ ကျည်အိမ် (၁)ခု တို့ဖြင့် လည်းကောင်း၊

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် သောင်းကျန်းသူ (သူရိန်)အဖွဲ့မှ တပ်စုမှူး ခွန်လယ်၊ တပ်သား ဦးရှိုး၊ တပ်သား ကျော်ဝင်းနှင့် တပ်သားသကျော်တို့သည် အေကေ-၄၇ (၂)လက်၊ အာရ်ပီဂျီ ဒုံးပစ်လောင်ချာ(၁)လက်၊ ကျည် (၆၀)၊ ကျည်အိမ်(၄)ခု၊ ဗုံးသီး (၂)လုံး၊ ပို့ကျည်(၂)တောင့် တို့ဖြင့်လည်းကောင်း၊

တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ (ရှက်ဆစ်)အဖွဲ့မှ တပ်သား ကျန္နးသည်လည်းကောင်း၊ လားဟူသောင်းကျန်းသူ (LDF) အဖွဲ့မှ လက်ကျန်အဖွဲ့ဝင်ဟောင်း ကျဟန်း၊ ကျဟယ်နှင့် ကူးနတို့သည် ပွိုင့်-၄၅ ပစ္စတို(၁)လက်၊ ကာဘိုင်(၁)လက်၊ အမ်-၂၂ (၁)လက်၊ ကျည်(၁၃)တောင့်၊ ကျည်အိမ်(၃)ခုတို့ဖြင့်လည်းကောင်း၊

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ (စောလားဘွယ်)အဖွဲ့မှ တပ်ကြပ်ကြီး စောကောင်လေးငဲ့၊ တပ်သား ချစ်လေးနှင့် တပ်သား စိုးနေဝင်းတို့သည် အမ်-၁၆ (၂)လက်၊ ကျည် (၇၃၅)တောင့်၊ ကျည်အိမ်(၁၂)ခုတို့ဖြင့် လည်းကောင်း၊ တပ်သား စောကော်လာသည် အမ်-၁၆ (၁)လက်၊ ကျည်(၇၀)၊ ကျည်အိမ် (၂)ခုတို့ဖြင့် လည်းကောင်း၊ တပ်ကြပ် ဝဏ္ဏ သည် ပွိုင့်-၄၅ ပစ္စတို (၁)လက်၊ ကျည် (၂)တောင့်၊ ကျည်အိမ် (၁)ခု တို့ဖြင့် လည်းကောင်း၊ တပ်ကြပ်ကြီး စောကျော်ဦးနှင့် ၎င်း၏မိသားစုဝင် (၄)ဦးတို့သည် လည်းကောင်း၊

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူအဖွဲ့မှ ဒုတပ်ကြပ် ကျော်မင်းနိုင်(ခ) စောမောင်ကျော်သည် လည်းကောင်း၊ စည်းရုံးရေးမှူး ဇော်ဝမ်းညီသည် တစ်တောင့်ထိုးသေနတ်(၁)လက်၊ ကျည်(၃)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့ဖြင့် လည်းကောင်း၊ တပ်သား စိုးရာဇာနှင့် တပ်သား သိန်းမင်းတို့သည်လည်းကောင်း အသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း (၂၀)နှင့် မိသားစုဝင် (၄)ဦးတို့အား သက်ဆိုင်ရာတပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

❖ ဒုတိယသမ္မတမှ

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဂုဏ်ပြုကြိုဆို**

ယင်းနောက် ဒုတိယသမ္မတအား တရုတ်ကလေးငယ် နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းကို ပေးအပ်ကြပြီး ဒေသခံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များကလည်း ရိုးရာယဉ်ကျေးမှုအကများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

**ရောက်ရှိ**

ထို့နောက် ဒုတိယသမ္မတဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးမော်တော်ယာဉ်များဖြင့် နန်နင်းမြို့ရှိ ခေတ္တတည်းခိုမည့် Li Yuan Resort သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်း-ကျော်ဖုံး) **(သတင်းစဉ်)**

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr. Guo Shengkun သည် အောက်တိုဘာ ၂၀ ရက် ညပိုင်းတွင် နန်နင်းမြို့ Li Yuan Resort ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr. Guo Shengkun နှင့်အတူ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးမှူး Mr. Ma Biao၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီနှင့် အုပ်ချုပ်ရေးတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)



**ဒုတိယသမ္မတ သီဟသူရဦးတ... အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွ...**

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

# (၈)ကြိမ်မြောက် တရုတ် - အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းကို ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre ၌ ကျင်းပမည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုန်စည်ပြခန်းကို သွားရောက်ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကုန်စည်ပြပွဲကျင်းပမည့် Nanning International Convention & Exhibition Centre သို့ ရောက်ရှိကြရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်နှင့် တာဝန်ရှိသူများ၊ ကုန်စည်ပြပွဲဖြစ်မြောက်ရေး ကော်မတီဝင်များက ကြိုဆိုကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် မြေညီထပ်ရှိ နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် နှစ်လိုဖွယ်မြို့တော်များ ခန်းမဆောင်ရှိ မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်မြို့တော်အဖြစ် နေပြည်တော်ကို ရွေးချယ်၍ မှတ်တမ်းဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုအားပေးရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများက ပြခန်းခင်းကျင်းပြသထားမှုကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါမြန်မာကုန်စည်ပြခန်းတွင် အသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ပြခန်းပေါင်း(၈၄)ခန်း ပါဝင်ပြီး စက်မှုထုတ်ကုန်ပစ္စည်း၊ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်း၊ သစ်အချောထည်ပစ္စည်း၊ လက်ဝတ်ရတနာနှင့် မြန်မာမှုလက်ရာပစ္စည်းများကို ခင်းကျင်းပြသထားသည်။

(သတင်းစဉ်)



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နန်နင်းမြို့ရှိ N... တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုန်စည်ပြခ...**



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre ၌ ကျင်းပမည့် (၈) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုန်စည်ပြခန်းကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နန်နင်းမြို့ရှိ Nannin... Centre ၌ ကျင်းပမည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင်... အားပေးစဉ်။**



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr. Guo Shengkun လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)










သီဟသူရဦးတင်အောင်မြင့်ဦး နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre ၌ ကျင်းပမည့် (၈)ကြိမ်မြောက် ...ည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုန်စည်ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ စနေနေ့**

# ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့

**အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။**

**ပညာရေးဝန်ကြီးဌာန**

**သစ်တော**
**သစ်ပင်**
**ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး**
**အလှတိုး**



...တသူရဦးတင်အောင်မြင့်ဦး နန်နင်းမြို့ရှိ Nanning International Convention & Exhibition ...)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုန်စည်ပြခန်းကို ကြည့်ရှု... (သတင်းစဉ်)

## စပါးတစ်ဧက ပျမ်းမျှ တင်း ၂၀၀ အထက် အထွက်နှုန်းပြိုင်ပွဲ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရန်၊ တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုး၍ လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆန်စပါးသီးနှံအထွက်နှုန်းတိုးရေး (Vertical Extension) ကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ စိတ်ပါဝင်စားလာကြစေရန်၊ ဆန်စပါးသီးနှံ အမှန်တကယ် အထွက်တိုးအောင် တီထွင်ကြိုးစားလာကြစေရန် ရည်ရွယ်ချက်များဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စပါးတစ်ဧက ပျမ်းမျှ တင်း ၂၀၀ အထက် အထွက်နှုန်းပြိုင်ပွဲကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲသို့ တောင်သူတစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့များအနေဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်းကောင်း မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲစည်းကမ်းများအဖြစ် စပါးစိုက်ခင်းသည် ၁၀ ဧက တစ်ဆက်တစ်စပ်တည်း ရှိရမည်ဖြစ်ပြီး ပျမ်းမျှတစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိရမည်ဖြစ်ကာ မည်သည့်စပါးမျိုးနှင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ရိတ်သိမ်းချိန်မတိုင်မီ အနည်းဆုံး နှစ်ပတ်ကြိုတင်၍ ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့ထံ ပါဝင်ယှဉ်ပြိုင်မည့် စပါးစိုက်ခင်း၏မှတ်တမ်းဓာတ်ပုံများ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့က စနစ်တကျ လာရောက်စစ်ဆေးမည်ဖြစ်သည်။

ဆုများအနေဖြင့် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ် သုံးသိန်းစီသတ်မှတ်ထားကာ အသေးစိတ်သိရှိလိုပါက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးရုံး ရုံးအမှတ်(၁၅) နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာရုံးများတွင် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၁၀-၂၀၁၁ (သောကြာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဠာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပဋိကူလမနသိကာရရှုပွားနည်း" တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
- ၆း၃၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃)**
- ၈း၄၀ မြန်မာ့အဖိုးတန်ကျွန်းပင်များ၏ အန္တရာယ်ပင်စည်ဖောက်ပိုးများ
- ၉း၂၅ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု (အပိုင်း-၁) [ဒေါက်တာခင်မောင်လွင်၊ ဦးကိုကို(စက်မှုတက္ကသိုလ်)]
- ၉း၅၅ Movie Talk
- ၁၀း၂၅ Fashion Week
- ၁၀း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁း၀၅ "ဝ"တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ Talent Show
- ၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁း၀၀ "ပဋိကူလမနသိကာရ ရှုပွားနည်း" တရားတော် (ဆရာတော်အရှင်အဂ္ဂသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈)**
- ၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃)**
- ၅း၀၀ မန္တလာမြေမှ သီတင်းကျွတ်ဈေးရောင်းပွဲတော်
- ၅း၁၅ Activities In The City
- ၅း၃၀ မန္တလေးမြို့ အထက(၁) ကျောင်းသား/သူဟောင်းများ၏ (၃၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၅း၃၅ VJ Choice
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဂန္ထဝင်မြောက် ပန်းချီဆရာကြီး ဦးဘကြည်
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉)**
- ၇း၃၅ ဂီတသရုပ်ပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၈း၅၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၄)**
- ၁၀း၁၀ Intellectual Talk
- ၁၀း၅၅ ပကတိအတိုင်း
- ၁၁း၂၀ World of Knowledge
- ၁၂း၀၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၁၂း၁၅ ခရီးပျော်တို့လမ်းညွှန်ရာ (မြို့ရွှေနေပြည်တော်) (အပိုင်း-၂)
- ၁၂း၄၀ မျက်ရည်စက်များ ကင်းစေချင် (အကယ်ဒမီနေအောင်၊ အကယ်ဒမီချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ) [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
- ၁း၁၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၁း၃၅ သူဌေးကျွန်းနှင့် Ecotourism
- ၂း၀၀ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
- ၂း၂၀ "တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ"
- ၂း၃၀ အထင်
- ၂း၅၀ ဝင့်ကြွားအားမာန် "ကတိုက်"တမံ
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
- ၄း၁၅ လီဆူးသဘာဝရိုးရာအလှ
- ၄း၄၀ ကန္ဒရဝတီ၏ ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာဆီသို့. . .
- ၄း၅၀ ရှုတိုင်းလှသည် ပထက်တောင်အတုလရုံသီ
- ၅း၀၀ အစီအစဉ်ပြီး။

# ပြဋ္ဌာန်းထားသည့် စာရင်းစစ်စံများနှင့်အညီ သတိသမ္ပဇဉ်ထားပြီး ဆောင်ရွက် စာရင်းစစ်မှူးများလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၄) ဖွင့်ပွဲ၌ မှာကြား

**နေပြည်တော် အောက်တိုဘာ ၂၇**

စာရင်းစစ်မှူးများလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင်က အမှာစကားပြောကြားရာတွင် ပြောင်းလဲလာသည့် နိုင်ငံတော်အုပ်ချုပ်ပုံစနစ်နှင့်အညီ သင်တန်းသား စာရင်းစစ်မှူးများသည် စစ်ဆေးရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုဆန္ဒသဘောထားကို အလေးထားကာ မျက်စိဖွင့်နားစွင့်၍ သွက်လက်ထိရောက်စွာ ရလဒ်ကောင်းများ ရရှိရန် စစ်ဆေးဆောင်ရွက်ရန်လိုအပ်ကြောင်း။

ခေတ်သစ် စနစ်သစ်တွင် စိတ်သစ် လူသစ်၊ အတွေးသစ် အမြင်သစ်များဖြင့် အဂတိလိုက်စားမှု ကင်းစင်ပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် နစ်နာဆုံးရှုံးမှုများ၊ မသမာမှု၊ အလွဲသုံးစားမှုများကို စစ်ဆေးဖော်ထုတ်ကာ အစိုးရအဖွဲ့အစည်းများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်စေရန်နှင့် လမ်းမှန်ရောက်အောင် ထိန်းကျောင်း တည့်မတ်ပေးရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စစ်ဆေးရာတွင် လိမ္မာပါးနပ်မှု၊ ပရိယာယ်ကြွယ်ဝမှု၊ ကျွမ်းကျင်မှု၊ ပြဋ္ဌာန်းထားသည့် စာရင်းစစ်စံများနှင့်အညီ လုံလောက်သော သတိသမ္ပဇဉ်ထားပြီး ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် အတတ်ပညာပိုင်းဆိုင်ရာ အရည်အသွေးများ ကြွယ်ဝပြီး လုပ်ငန်းစွမ်းဆောင်ရည်များ ထက်မြက်နေစေရန် အစဉ်အမြဲ လေ့လာဆည်းပူး ကြိုးစားအားထုတ်ရန် အထူးလိုအပ်ကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့

၂၀၁၁-ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်

World Stroke Day

29 October 2011

လေဖြတ်ရောဂါသတိပြုလို့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်စို့

ကျန်းမာရေးဝန်ကြီးဌာန



ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်မှူးများလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၄) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# အငြိမ်းစားအငြိမ်းစား

# အငြိမ်းအကြိမ် ဓာတုဗေဒမိသားစု မြတ်ဆရာပူဇော်မည်

**နေပြည်တော် အောက်တိုဘာ ၂၇**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒဌာနမှ ဆရာကြီး၊ ဆရာမကြီးများအား အငြိမ်းအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန်နှင့် ၁၉၆၇ ခုနှစ်မှစ၍ ၁၉၇၃ ခုနှစ်အထိ ဓာတုဗေဒတွဲနှင့် ကုန်ထုတ်ဓာတုဗေဒတွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားထားသည်။

ကြိုတင်အလှူငွေများ ပေးလှူခြင်းကို ဦးမောင်မောင်ကြီး(၁၉၆၇)ဖုန်း-၂၀၃၀၇၄၊ ဦးစိုးကြည် (၁၉၆၈) ဖုန်း-၂၂၃၄၉၉၊ ဒေါ်အေးညွန့်ကြည်(၁၉၆၈)ဖုန်း-၅၅၉၉၈၀၊ ဗိုလ်မှူးကြီးကိုကိုကျော်(ငြိမ်း) (၁၉၆၉) ဖုန်း- ၅၀၁၄၃၂၊ ၅၃၇၄၄၃၊ ဦးစိန်ဝင်း(၁၉၆၉) ဖုန်း-၆၆၄၃၁၂၊ ဦးဇော်ဝင်း(၁၉၇၀) ဖုန်း-၅၉၀၃၄၅၊ ဒေါ်သီဂီကြည်(၁၉၇၀) ဖုန်း-၅၄၆၇၈၀၊ ဒေါ်စန်းစန်းဝင်း(၁၉၇၁)ဖုန်း-၂၉၈၉၉၆၊ ဦးသိန်းရွှေ(၁၉၇၂)ဖုန်း-၂၂၆၂၄၅နှင့် ဒေါ်ဖြူဖြူညွန့် (၁၉၇၃) ဖုန်း-၂၉၂၅၉၃ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆောက်လုပ်ရေးဒုတိယဝန်ကြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြား

**နေပြည်တော် အောက်တိုဘာ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့မှ ရန်ကုန်-မြိတ်လမ်း (ထားဝယ်-သရက်ချောင်း) လမ်းကို ကြည့်ရှုစစ်ဆေးပြီး သရက်ချောင်းမြို့နယ် အင်ဂျင်နီယာရုံး၌ လမ်းပိုင်း တာဝန်ခံအင်ဂျင်နီယာများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ တွေ့ဆုံမှာကြားသည်။

ထို့နောက် ထားဝယ်ခရိုင် အင်ဂျင်နီယာမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၁ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ခံအင်ဂျင်နီယာများနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးနှင့် ခရိုင်၊ မြို့နယ်များမှ တာဝန်ခံအင်ဂျင်နီယာများ၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၆)မှ တာဝန်ခံအင်ဂျင်နီယာများက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိသော လမ်း/တံတားလုပ်ငန်းများ၊ ဝန်ထမ်းဖွဲ့စည်းထားရှိမှု၊ စက်၊ ယာဉ်၊ ယန္တရားရရှိထားမှုနှင့် ဘဏ္ဍာရေးသုံးစွဲမှုများကို တင်ပြကြပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဆန်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်တင်ပြကြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်၏ မူဝါဒ၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေး၍ ဝန်ထမ်းများ စည်းကမ်းကောင်းမွန်ရေး၊ ပွင့်လင်းရာသီတွင် လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဘဏ္ဍာငွေသုံးစွဲရာတွင် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ တိကျမှန်ကန်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံကောင်းမွန်ရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် တနင်္သာရီတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ တာဝန်ခံအင်ဂျင်နီယာများနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)



ပညာရေးဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းကျင်းပသည့် သုတေသနနှင့် ပညာသင်ဆုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

# သုတေသနနှင့် ပညာတော်သင်ဆုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပညာရေးဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းကျင်းပသည့် သုတေသနနှင့် ပညာသင်ဆုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များကို ယနေ့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ဥရောပသမဂ္ဂအဖွဲ့မှ သံအမတ်ကြီးများ၊ အဆင့်မြင့်ပညာကဏ္ဍနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော စီမံခန့်ခွဲသူများ၊ သုတေသီများ၊ ပညာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော သုတေသနပညာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတကာနှင့် ဆက်သွယ်၍ ပညာသင်ကြားရေးနှင့် ပူးပေါင်းသုတေသနပြုလုပ်ရေး အလားအလာကောင်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စစ်တုရင်လက်ရွေးစင် ဝင်းဇော်ထွန်း ပထမရွှေတံဆိပ် ဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သော 2nd RBSC Polo Club Prajuab Cup International စစ်တုရင်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါဝင်သည့် မြန်မာစစ်တုရင်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာစစ်တုရင်အဖွဲ့မှ စစ်တုရင်လက်ရွေးစင် ဝင်းဇော်ထွန်းက ပထမရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ပွဲတွင် အိုင်ယာလန်(IRL)မှ Daly Colm က ဒုတိယရရှိပြီး အိမ်ရှင်ထိုင်းနိုင်ငံမှ Saeheng Boonsueb က တတိယရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**2nd RBSC Polo Club Prajuab Cup International စစ်တုရင်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်သော ဝင်းဇော်ထွန်း ယှဉ်ပြိုင်ကစားစဉ်။**

(စစ်တုရင်အဖွဲ့ချုပ်)

# ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူရာဘာရားမြို့တွင် အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် အာဆီယံ မြို့တော်ဝန်များ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### တွေ့ဆုံ ဆွေးနွေး

**ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ နန်နင်းမြို့ရှိ လိယွမ် International Conference Centre ပထမထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ တွေ့ဆုံ

## နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့သည် အောက်တိုဘာ ၂၀ ရက် ညနေပိုင်းတွင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ လိယွမ် International Conference Centre ပထမထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်အတူ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Zhang Zhijun၊ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Gao Hu Chen၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ၊ နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် Mr. Siang Zhao Lun၊ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Mu Horg နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ရေးကိစ္စများ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကိစ္စ၊ နှစ်နိုင်ငံ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ တရုတ်နိုင်ငံနှင့် အာဆီယံဒေသတွင်းကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိ

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်နိုင်ငံရေးအတိုင်ပင်ခံလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ လီပင်းနှင့် တာဝန်ရှိသူများက နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ကျင်းပမည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးသို့တက်ရောက်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဦးဆက်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာတို့သည် လေယာဉ်ပေါ်သို့တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်နိုင်ငံရေးအတိုင်ပင်ခံလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ လီပင်း(Li Bin) နှင့် တာဝန်ရှိသူများ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး နန်နင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စာမျက်နှာ ၈ ကော်လံ ၁ သို့❖

